# အခန်း(၁)

# စီမံကိန်းအကြောင်းအရာနှင့် အကျိုးကျေးဇူးများ

## စီမံကိန်းနောက်ခံအကြောင်းအရာ

၁။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု နှင့် ပြည်နယ်ခွဲ(၂)ခု၊ ခရိုင်(၁၂၁)၊ မြို့နယ်(၃၃၀)နှင့် ကျေးရွာပေါင်း(၆၃,၂၆၄)ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀% သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပါသည်။ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် ဆင်းရဲမှုလျှော့ချရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို သက်ဆိုင်သူ များအားလုံးပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ၏ အခြား ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ခြင်း မဟာဗျူဟာ (Synergy of Development Intervention & Multiplying Impacts )၏ **ပြည်သူများ တိုက်ရိုက်ရေးဆွဲ အကောင်အထည် ဖော်သော ကိုယ်ထူကိုယ်ထ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက် ( Participatory Village Development Plan)** အရ ကျေးလက်နေပြည်သူများကိုယ်တိုင် မိမိတို့ကျေးရွာ၏လိုအပ်ချက်များကို ဖော်ထုတ် ၍ ဖွံ့ဖြိုးရေးအကူအညီဖြင့် ကျေးရွာအဆင့်၌ ကျေးလက်နေပြည်သူများ တိုက်ရိုက် အကောင် အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အရ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲနိုင်စေရန်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေး ဝမ်းကျောင်းရန်ပုံငွေအဖွဲ့ (LIFT) ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

## ရည်မှန်းချက်

၂။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ပြည်သူလူထု ကိုယ်တိုင် ကျေးရွာများ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး အစီအစဉ်များကို စနစ်တကျ စုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေး အစီအစဉ် တစ်ရပ် ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက် (၃) ချက် ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော် ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များရေးဆွဲဖော်ထုတ်နိုင်စေရန်၊

(ခ) ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ်အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထား ပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ဂ) ကျေးရွာများမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီး ဌာနအသီးသီး၏ ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန်။

**ဆောင်ရွက်မည့်နည်းလမ်း**

၄။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား ပြည်သူဗဟိုပြုစနစ်ဖြင့် PRA Tools အသုံး ပြု၍ ကျေးရွာသယံဇာတပြမြေပုံများရေးဆွဲခြင်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲခြင်း၊ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခြင်း၊ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များဖြင့် (၄၈) ဇယား (48 Planning Tables) တည်ဆောက်ခြင်း၊ (၄၈) ဇယား 48 Planning Tables ကို ကဏ္ဍ အလိုက်စိစစ်သုံးသပ်ပြီး ကျေးရွာ၏လိုအပ်ချက်ဖွံ့ဖြိုးရေး(စီမံချက်)လုပ်ငန်းများ ဖော်ထုတ်ခြင်း၊ ယင်းစီမံချက် (ဖွံ့ဖြိုးရေး) လုပ်ငန်းများကို ဦးစားပေး အစီအစဉ်အလိုက် နှစ်စဉ် ရန်ပုံငွေ ရှာဖွေ၍ ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လိုအပ်သည့် နည်းပညာအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာထည့်ဝင်ငွေများ၊ အလှူရှင်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်နိုင်ပါသည်။ 48 Planning Tables ဖြင့် ကျေးရွာ၏ အမှန်တကယ်လိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင် စီမံချက်ရေးဆွဲ၍ ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများအား လူထုကိုယ်တိုင် အကောင် အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**စီမံကိန်းရန်ပုံငွေ**

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာအား ကျေးရွာ ရွေးချယ်ရေးမူနှင့်အညီရွေးချယ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ် (၁၀.၀၀) သန်း ထောက်ပံ့ပေးပါ သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျေးရွာ တစ်ရွာလျှင် ငွေကျပ် (၁၅.၀၀) သန်း ထောက်ပံ့ပေးသွားမည်။

၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု၊ ပြည်နယ်ခွဲ (၂) ခု၊ မြို့နယ် (၂၇၈) မြို့နယ်တွင် ကျေးရွာ ရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ညွှန်းကိန်းများနှင့်အညီ ကျေးရွာများအားရွေးချယ်၍ နှစ်အလိုက် နိုင်ငံတော် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအား ၂၀၁၅-၂၀၁၆ မှ ၂၀၂၁-၂၀၂၂ (၆) လ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း(၁၂၇၅၈) ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါသည်။ စီမံကိန်းလွှမ်းခြုံမှုမှာ(၂၀.၁၆%) ဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် အဓိကနည်းစနစ်**

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအတွက် နည်းစနစ်(၂)ခု ပါဝင်ပါသည်-

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်မူဘောင် ( ၅ နှစ်တာ၊ ကာလလတ် စီမံချက်)၊

( ခ) နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၊ (Annual Village Investment Programme–AVIP)။

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်မူဘောင် (၅ နှစ်တာ၊ ကာလလတ် စီမံချက်)**

(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် လူ့စွမ်းအားဖွံ့ဖြိုးရေးကို ဗဟိုပြုသည့် ကဏ္ဍစုံလွှမ်းခြုံသောစီမံချက်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ဖော်ထုတ်ရရှိသည့် စီမံချက်များအား ငါးနှစ်ကာလအတွက် ကျေးရွာ၏ ဦးစားပေးလုပ်ငန်း လိုအပ်ချက်များ အနက်မှ လုပ်ငန်းကဏ္ဍအလိုက် ဘဏ္ဍာငွေခွဲဝေပေးရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးသားရာတွင် ကျေးလက်လူထု၏ လက်ရှိလူမှုစီးပွားအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားဖွံ့ဖြိုးရေး အခြေအနေများ၊ ဖွံ့ဖြိုးရေးကိုအထောက်အကူပြုစေသော အကြောင်းများနှင့် အဟန့်အတား စိန်ခေါ်မှုများကိုအခြေခံ၍ စီမံချက်ရေးဆွဲရပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲရာတွင် ကိန်းဂဏန်းအချက်အလက် ကောက်ယူခြင်းကို ကျေးလက်လူထု ပါဝင်လုပ်ဆောင်သည့် ကျေးရွာလူထု၏ လူမှုစီးပွားဘဝ အခြေအနေမှန်ကို ဆန်းစစ်နည်း (Participatory Rural Appraisals–PRA) နည်းလမ်းကို အသုံးပြုပါသည်။

(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် PRA မှရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများတွင် ရေးသွင်းပြီး သုံးသပ်ခြင်းအားဖြင့် ဖွံ့ဖြိုးရေး အတွေးအမြင်တစ်စုံတစ်ရာ ရရှိစေမည်ဖြစ်ပါသည်။ ထိုသို့ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများတွင် အချက်အလက်များရေးသွင်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများကို အသုံးပြု၍ ကျေးရွာ၏ ဖွံ့ဖြိုးရေး အခြေအနေနှင့် လိုအပ်ချက်များ ဖော်ထုတ်နိုင်ရန် အောက်ဖော်ပြပါ အဆင့်များအတိုင်း အစီအစဉ်တကျ ဆောင်ရွက်ကြရပါသည် -

(ကက) အဆင့် (၁) ။ PRA ပြုလုပ်၍ ကျေးရွာ၏ ကိန်းဂဏန်း သတင်းအချက်အလက်များကို ကောက်ယူမှတ်တမ်းတင်ပါ။ PRA တွင် ကိန်းဂဏန်းအချက်အလက်ကောက်ယူရုံမျှ မဟုတ်ဘဲ ၎င်းကိန်းဂဏန်းများ နောက်ကွယ်ရှိ ဖွံ့ဖြိုးရေး အသိအမြင်ရသည်အထိ လေ့လာပါ။ ဤသို့ ဆောင်ရွက်ရာတွင် ဗဟုသုတကြွယ်ဝသော ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများထံမှ အကူအညီရယူပါ။ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ၊ မူလတန်းကျောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် အာဏာပိုင်များထံမှလည်း အကူအညီ ရယူနိုင်ပါသည်။

( ခခ ) အဆင့်(၂) ။ PRA တွင် ကောက်ယူရရှိသော ကိန်းဂဏန်း အချက်အလက်များ၊ လေ့လာတွေ့ရှိချက်များကို ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများတွင် မှန်ကန်စွာ ဖြည့်သွင်းပါ။ ထို့နောက် ဇယားအချင်းချင်း အပြန်အလှန် ကိုက်ညီမှုရှိ/မရှိ၊ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ ဖော်ပြရာတွင် တစ်နေရာနှင့် တစ်နေရာ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပါ။

( ဂဂ ) အဆင့်(၃) ။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများကို အသုံးပြု၍ လူနေမှုဘဝနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး အကြောင်းတရားတို့ကို ဆန်းစစ်လေ့လာပါ။ ဇယားများကိုသုံး၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အခြေအနေဆန်းစစ်ရာတွင် ပညာရပ်သုတေသနလုပ်ငန်း မဟုတ်သည့်အတွက် စာရင်းအင်း စိစစ်သည့် နည်းလမ်းများ သုံးခြင်းအထိ လုပ်ရန် မလိုအပ်ပါ။

(ဃဃ) အဆင့်(၄) ။ အထက်ပါ မှတ်တမ်းများ၊ လေ့လာတွေ့ရှိချက်များကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်ကို ရေးသားပါ။

**(ခ) နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ် (Annual Village Investment Programme–AVIP)**

(၁) နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ်ရေးဆွဲပြင်ဆင်ခြင်း လုပ်ငန်းကို နိုင်ငံတော်၏ ဘတ်ဂျတ်ပြင်ဆင်သည့် ကာလစက်ဝန်းအတိုင်း ဆောင်ရွက်ရပါသည်။ ကျေးရွာတိုင်း၏ ဦးစားပေးတင်ပြချက်များအား မြို့နယ်အဆင့် ဌာနဆိုင်ရာဘတ်ဂျတ်လျာထားချက်တွင် အသုံးပြုနိုင်စေရန်ဖြစ်ပါသည်။

(၂) နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေပြင်ဆင်ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးဗျူဟာကို အခြေပြု၍ ကိုးကားဆောင်ရွက်ရပါမည်။ သို့မှသာ ဦးစားပေးရင်းနှီးမြှုပ်နှံမှုများကို

ဦးစားပေးဖွံ့ဖြိုးရေးဗျူဟာအတိုင်း ကျိုးကြောင်းဆီလျော်စွာ သုံးစွဲအကောင်အထည်ဖော်နိုင်စေရန် ဖြစ်ပါသည်။

**တိုင်းဒေသကြီး/ ပြည်နယ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၈။ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) တိုင်းဒေသကြီး/ ပြည်နယ် ကွပ်ကဲမှုအောက်ရှိ မြို့နယ်များအား စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျေးရွာအတည်ပြုရွေးချယ်နိုင်ရေးကိစ္စရပ်များ၊ ကျေးရွာပြောင်းလဲဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊

( ခ) စီမံကိန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ စိစစ်အတည်ပြုခြင်း၊ Estimate တွက်ချက်ခြင်းများ စိစစ်အတည်ပြုခြင်းများဆောင်ရွက်ခြင်း၊

( ဂ) ကျေးရွာများမှ ဖော်ထုတ်ခဲ့သည့် ဦးစားပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများမှ မိမိတို့ဌာန၏ မူဝါဒနှင့် ကိုက်ညီသည့်လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားပေးနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြီးကြပ်စစ်ဆေးခြင်း၊ ကျေးရွာစာအုပ်များရေးသားပြီးစီးမှုစစ်ဆေးခြင်း။

**မြို့နယ်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၉။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မိမိမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) မြို့နယ်ဦးစီးမှူးက ဦးဆောင်၍ သက်ဆိုင်သူများနှင့် အစည်းအဝေးကျင်းပ၍ စီမံကိန်းအကြောင်း သေချာစွာ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရွေးချယ်ရေးမူများနှင့်အညီ ကျေးရွာများ ညှိနှိုင်းဆွေးနွေးရွေးချယ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အတည်ပြုချက်ရရှိရေး တင်ပြခြင်း၊

( ခ) စီမံကိန်းကျေးရွာများအား စီမံကိန်းအကြောင်းရှင်းလင်းဆွေးနွေးခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းသားရွေးချယ်ခြင်း၊

( ဂ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်းသင်တန်း/ AVIP သင်တန်းဖွင့်လှစ်ခြင်း၊

(ဃ) ကျေးရွာများမှ ပြန်လည်ပေးပို့လာသည့် ကျေးရွာ၏ လူမှုစီးပွားဘဝ အခြေအနေ ကိန်းဂဏန်းအချက်အလက်များစစ်ဆေးပြင်ဆင်ခြင်း၊

( င) ကျေးရွာဖွံ့ဖြိုးရေးစာအုပ်များအား ကျေးရွာကော်မတီအဖွဲ့များနှင့် ပူးပေါင်း၍ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ရေးသားခြင်း၊

( စ) ကျေးလက်ဦးစီး ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအား ဖြစ်နိုင်ခြေ ရှိ/ မရှိ စိစစ်ခြင်း၊ လုပ်ငန်းအတွက် Estimate တွက်ချက်ခြင်း၊

(ဆ) ကျေးရွာများမှ တင်ပြလာသည့် စီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ခရိုင်မှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

( ဇ) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာ အကူအညီပေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) ကျေးရွာအဆင့် စီမံကိန်းဆောင်ရွက်မှု ဆန်းစစ်သုံးသပ်ပွဲကျင်းပခြင်း၊ လုပ်ငန်းလွှဲပြောင်းပေးအပ်ရာတွင် ကြီးကြပ်ခြင်း၊

(ည) ကျေးရွာများမှ ရရှိလာသည့် စီမံချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးစာအုပ်များအား စိစစ်သုံးသပ်၍ Website တွင် တင်ရှိရေး ဆက်လက်ဆောင်ရွက်ခြင်း၊

( ဋ) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေ၊ ဦးစီးဌာနအလိုက် နှစ်စဉ်ရန်ပုံငွေရရှိနိုင်မှု၊ ဌာနများ၏ မူဝါဒနှင့် ရည်မှန်းချက်၊ ရရှိနိုင်သော အခြားဘတ်ဂျက် အရင်းအမြစ်တို့ကို အခြေခံ၍ ကျေးရွာများမှ ရေးဆွဲသည့် စီမံချက်များအား ကဏ္ဍအလိုက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီသို့တင်ပြခြင်း၊

( ဌ) ကျေးရွာများမှ ဖော်ထုတ်ခဲ့သည့် ဦးစားပေး လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြနိုင်ရေး ပေးပို့တင်ပြခြင်း။

**ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၁၀။ စီမံကိန်းကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) ရွာလုံးကျွတ်အစည်းအဝေးများ ကျင်းပ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊

( ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များထဲမှ သင်တန်းသား(၂) ဦးရွေးချယ်၍ စီမံချက်ရေးဆွဲနည်း သင်တန်း တတ်ရောက်ခြင်း၊

( ဂ) သင်တန်းတတ်ရောက်ပြီးသည့် သင်တန်းသား(၂) ဦးမှ ကျေးရွာကော်မတီဝင်များ နှင့်ပူးပေါင်း၍ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ကျေးရွာလူထု သို့ ချပြဆွေးနွေးခြင်းနှင့် အချက်အလက်များ ကောက်ယူခြင်းနှင့် စီမံချက်များ ဖော်ထုတ်ခြင်း၊

(ဃ) ဖော်ထုတ်ရရှိသည့် အချက်အလက်နှင့် စီမံချက်များအား မြို့နယ် ကျေးလက်ဦးစီး သို့ တင်ပြခြင်း၊

( င) ကျေးရွာဖွံ့ဖြိုးရေးစာအုပ်ရေးသားခြင်း၊

( စ) ကျေးလက်ဦးစီးမှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း ရွေးချယ် ခြင်း၊

(ဆ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များသည် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများအား ကျေးရွာလူထုနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင် ရွက်ခြင်း။

( ဇ) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ကျေးရွာလူထု သို့ ချပြရှင်းလင်းခြင်း၊ သက်ဆိုင်ရာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းအပ်နှံခြင်း၊

(ဈ) ကျေးရွာဖွံ့ဖြိုးရေးစာအုပ်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ သို့တင်ပြခြင်း။

**အကျိုးကျေးဇူးများ**

၁၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းဖြင့် အောက်ဖော်ပြပါ အကျိုး ကျေးဇူးများရရှိနိုင်ပါသည်-

(က) ကျေးရွာ၏သတင်းအချက်အလက်များ စုစည်းခြင်းနှင့် အချက်အလက်များအပေါ် မူတည်၍ ကျေးရွာ၏ အခြေအနေမှန်ကို သိရှိစေနိုင်ခြင်း၊

( ခ) ကျေးရွာလူထုနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များရရှိလာခြင်း၊ ဖြစ်ပေါ်လာသည့် အခက်အခဲများကို အတူတကွ လက်တွဲပူးပေါင်း အဖြေရှာတတ်လာခြင်းနှင့် အဖွဲ့အစည်းစနစ်ဖြင့် ဆောင်ရွက် တတ်သည့် အလေ့အကျင့်များရရှိလာစေခြင်း၊

(ဂ) ကျေးလက်နေပြည်သူလူထုမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအားကောင်းလာစေခြင်း၊

(ဃ) ကျေးရွာ၏ အခွင့်အလမ်းနှင့် အလားအလာများ၊ အတားအဆီးနှင့် စိန်ခေါ်မှုများကို နည်းဗျူဟာနှင့် ဖြေရှင်းနည်းများအသုံးပြု၍ အခက်အခဲများကို ဖြေရှင်းနိုင်ပြီး ကျေးရွာ၏ အဓိက ဦးစားပေးစီမံချက်များ ရေးဆွဲနိုင်စေခြင်း၊

(င) ကျေးရွာဖွံ့ဖြိုးရေး အကူအညီများရှာဖွေရာ၌ လက်တွဲလိုသည့် ပြင်ပအဖွဲ့အစည်းများအား ကျေးရွာဖွံ့ဖြိုးရေးစာအုပ်ဖြင့် ကျေးရွာ၏ လက်ရှိအနေအထားကို စုံလင်စွာ ပြောပြနိုင်စေခြင်း၊

(စ) ကျေးရွာလူထုမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုနိုင်စေခြင်း၊

(ဆ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်အား အခြေခံပြီး မြို့နယ်အဆင့် အဖွဲ့အစည်းများက အဓိကလိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက် မှန်ကန်စွာ ဆောင်ရွက်နိုင်စေခြင်း၊

(ဇ) ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ကျေးရွာဖွံ့ဖြိုးရေးစာအုပ်အား လေ့လာ၍ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ကျေးရွာများအတွက် တိုးတက်ဆောင်ရွက်လာနိုင်ကြခြင်း၊

(ဈ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ စီမံကိန်းလုပ်ငန်းများထဲမှ အသင့်တော်ဆုံးသော လုပ်ငန်းကို အစမှ နောက်ဆုံးရလဒ်အထိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တတ်စေခြင်း၊

(ည) ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဆောင်ရွက်ခြင်းအားဖြင့် လူထုအခြေပြုဖွံ့ဖြိုးရေး သဘောတရားများသက်ဝင်လာစေခြင်း၊ ပိုင်ရှင်စိတ်ဓာတ်ဖြင့် လုပ်ကိုင်တတ်စေခြင်းနှင့် လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ကိုင်နည်းတို့ကို သိရှိဆောင်ရွက်နိုင်စေခြင်း၊

(ဋ) ကျေးရွာများ၏ လူမှုစွမ်းရည်ဖွံ့ဖြိုးရေး (Human Development)၊ ဘက်စုံလူမှုရေး၊ စီးပွားရေးနှင့် လူမှုအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊

(ဌ) အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြင့်မားလာ ပြီး ကျား/မတန်းတူညီမျှပါဝင်သော အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေခြင်း။

# အခန်း(၂)

# စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့်အတည်ပြုခြင်း

## စီမံကိန်းကျေးရွာရွေးချယ်ခြင်း

၁။ ကျေးရွာများရွေးချယ်ရာတွင် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဦးစီးဌာနရန်ပုံငွေအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ ရန်ပုံငွေနှင့် ကျေးရွာမှ ထည့်ဝင်ငွေများဖြင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် ကျေးရွာများ၊

(ခ) လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုနှင့်နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှု ရှိသည့်ကျေးရွာများ၊

(ဂ) ရွာသူရွာသားများ၏ စိတ်ပါဝင်စားမှု၊ စည်းလုံးမှု၊ စိတ်အားထက်သန်မှု ရှိသော ကျေးရွာများ၊

(ဃ) ဖွံ့ဖြိုးရေး အမှန်တကယ် ဆောင်ရွက်ရန် လိုအပ်သည့် ကျေးရွာများ၊

(င) မိမိမြို့နယ်အတွင်း အကျိုးခံစားရမည့် အိမ်ထောင်စုများသော ကျေးရွာများ။

၂။ သို့ရာတွင် အထက်ဖော်ပြပါစံနှုန်းတစ်ခုခုနှင့် ကိုက်ညီမှုမရှိသော်လည်း နိုင်ငံတော် အကြီးအကဲ၊ ပြည်ထောင်စုဝန်ကြီးရုံးအကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်နှင့်အထူး စီမံကိန်းများ (ဥပမာ-SMART Village)ဖြစ်မည်ဆိုပါကချွင်းချက်အဖြစ်ဆောင်ရွက်ခွင့်ပြုနိုင် သည်။

၃။ ထို့အပြင်လုပ်ငန်းလိုအပ်ချက်ရှိခဲ့ပါက လက်ရှိဘဏ္ဍာရေးနှစ်နှင့် ပြီးခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ခဲ့သော ကျေးရွာကို ဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုချက် ဖြင့်ထပ်မံရွေးချယ်ဆောင်ရွက်နိုင်သည်။ စီမံကိန်းကျေးရွာ တစ်ရွာလျှင် အများဆုံး (၂) ကြိမ်သာ ဆောင်ရွက်ခွင့်ပြုရမည်။

## စီမံကိန်းရွေးချယ်ခြင်းမပြုရမည့်ကျေးရွာများ

၄။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အောက်ဖော်ပြပါ အချက်များကို အခြေခံ၍ ပွင့်လင်းမြင်သာစွာ ရွေးချယ်ရမည်-

(က) ကျေးရွာတစ်ရွာ၌ ဘဏ္ဍာရေးနှစ်တူအတွင်း နိုင်ငံတော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော Cash for Work (CFW) စီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ကျေးရွာတူဆောင်ရွက်ခြင်းမပြုရ၊

(ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ပြီးသည့်ကျေးရွာများထပ်မံဆောင်ရွက်ခြင်းမပြုရ၊

(ဂ) ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (၂) ကြိမ် ဆက်တိုက်ဆောင်ရွက်ခြင်းမပြုရ။

၅။ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနသည် အောက်ဖော်ပြပါ သက်ဆိုင်သူ (Stakeholder) များနှင့် ဆွေးနွေးတိုင်ပင်၍ ရွေးချယ်ရမည်-

(က) လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊(ရှိခဲ့ပါက)၊

(ခ) သက်ဆိုင်ရာ အဖွဲ့အစည်းများ၊

(ဂ) ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ ။

၆။ ကျေးရွာများရွေးချယ်ရာတွင် သတ်မှတ်စံနှုန်းနှင့်အညီ တိကျစွာ ရွေးချယ်ရန် စီမံကိန်း ဆောင်ရွက်သင့်သည့် ကျေးရွာများစာရင်း၊ ဆောင်ရွက်ပြီးသည့် ကျေးရွာများစာရင်းအား ကြိုတင် ပြုစုထားရမည်။ ယင်းကျေးရွာစာရင်းများအပေါ် အခြေခံစဉ်းစား၍ အထက်အပိုဒ်(၅)ပါ သက်ဆိုင်သူအားလုံးပါဝင်လျက်ကျေးရွာစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်ရမည်။ သို့ရာတွင် လိုအပ်ပါက ယင်းကျေးရွာစာရင်းတွင် မပါဝင်သည့် အခြားကျေးရွာများကိုလည်း ထည့်သွင်း စဉ်းစားနိုင်သည်။

**စီမံကိန်းကျေးရွာများအတည်ပြုခြင်း**

၇။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်သူများမှ စံသတ်မှတ် ချက်များနှင့်အညီ ညှိနှိုင်းရွေးချယ်ထားသော စီမံကိန်းကျေးရွာများစာရင်းကို တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်မှုကော်မတီထံ အတည်ပြုချက် တောင်းခံရမည် ဖြစ်ပါသည်။

၈။ တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်မှုကော်မတီမှ စိစစ်အတည်ပြုထားသော ကျေးရွာများ စာရင်း ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ အတည်ပြုချက်ရရှိရေး တင်ပြ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

# အခန်း(၃)

# စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း

## စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် စီမံကိန်းကျေးရွာတွင် အစည်းအဝေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍ ကျင်းပရမည်။ အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းအကြောင်းအရာများ၊ ကော်မတီရွေးချယ်ရမည့် အချက်အလက်များကို ကျေးရွာသူ/ကျေးရွာသားများ သိရှိနားလည်အောင် ရှင်းလင်းဆွေးနွေးရမည်။ ၎င်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေ အခန်း(၂)၊ ပုဒ်မ(၅)၊ (၇)၊ (၉)၊ (၁၁)နှင့် (၁၂)တို့ကိုလည်း သိရှိအောင် ဆွေးနွေးရမည်။

၂။ စီမံကိန်းကျေးရွာရှိ အိမ်ထောင်စုများမှ တစ်အိမ်ထောင်လျှင် (၁) ဦး အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားရမည်။ အိမ်ထောင်စုတစ်ခု၏ ရွေးချယ်ခံလုပ်ငန်းအဖွဲ့ဝင်ဦးရေမှာ (၁) ဦး သာဖြစ်ပြီး လုပ်ငန်းကော်မတီအဖွဲ့တွင် အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသမီး အများစု အစည်းအဝေးတက်ရောက်နိုင်စေရန် စီစဉ်ဖိတ်ကြားရမည်။

၃။ စီမံကိန်းကျေးရွာရှိ ဖိတ်ကြားထားသည့် လူဦးရေ အလုံအလောက် တက်ရောက်နိုင်မည့်နေရာ (ဥပမာ-ဓမ္မာရုံ၊ ဇရပ်၊ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း၊ ကျေးရွာခန်းမ စသည့်) များတွင် အစည်းအဝေးကျင်းပရမည်။ အစည်းအဝေးသို့ ကျေးရွာ အိမ်ထောင်စုများများ တက်ရောက်နိုင်စေရန် အဆင်ပြေသင့်လျော်သည့် အချိန်တွင် ကျင်းပရမည်။

၄။ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ရွေးချယ်ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီဝင်ရွေးချယ်ရာ၌ ပွင့်လင်း မြင်သာမှုရှိရေး၊ ဘက်လိုက်မှုမရှိရေးတို့ကို ကြီးကြပ်ကွက်ကဲရမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်) ရာအိမ်မှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အခက်အခဲများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် နာယကအဖြစ် ဆောင်ရွက်ရမည်။ ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်မည် ဆိုပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အမည်ရေးသားထားခြင်းမရှိသည့် အရွယ်တူ၊ ပုံစံတူ၊ အရောင်ကွဲ မဲလိပ်အလွတ် (၂) လိပ်စီအား အစည်းအဝေးဦးဆောင်ကျင်းပသည့် ပုဂ္ဂိုလ်များမှတာဝန်ယူ၍ အစည်းအဝေး တက်ရောက်လာသည့် ပုဂ္ဂိုလ်အားလုံးထံသို့ ဝေငှရမည်။ အစည်းအဝေး

တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ အဆိုပါ မဲလိပ်အလွတ်တစ်ခုတွင် မိမိ ဆန္ဒပြု လိုသူ အမျိုးသားတစ်ဦး၏ အမည်ကိုလည်းကောင်း၊ ကျန်မဲတစ်လိပ်တွင် မိမိဆန္ဒ ပြုလိုသူ အမျိုးသမီးတစ်ဦး၏ အမည်ကိုလည်းကောင်း သီးခြားစီရေးသား၍ ဝေငှ သူထံ ပြန်လည်ပေးအပ်ရမည်။

( ခ) အစည်းအဝေး တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ စာရေးသားရန် အခက်အခဲ ရှိပါက အစည်းအဝေး ဦးဆောင်ကျင်းပပေးသည့် ပုဂ္ဂိုလ်များမှ ၎င်းတို့ဆန္ဒပြုလို သည့် ပုဂ္ဂိုလ်၏ အမည်ကို ကူညီရေးသားပေးရမည်။

( ဂ) မဲစနစ်ဖြင့် ရွေးချယ်ရန် အခက်အခဲရှိသော ဒေသများ၌ ကျေးရွာသူ/ကျေးရွာသား များ၏ ရှေ့မှောက်တွင် ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်၍ ကျေးရွာသူ/ကျေးရွာ သားများ၏ဆန္ဒကို နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်လည်းကောင်း ဖော် ထုတ် အတည်ပြုချက်ရယူ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ရွေးချယ်ဖွဲ့စည်းနိုင်သည်။

၅။ ကျေးရွာအစည်းအဝေးဦးဆောင်ကျင်းပပေးသည့် ပုဂ္ဂိုလ်များမှ ရရှိသည့် ဆန္ဒပြုမဲလိပ်များ ကို ပွင့်လင်းမြင်သာမှုရှိစေရန် ကျေးရွာသူ/ကျေးရွာသားများ၏ ရှေ့မှောက်တွင် ဖွင့်၍ မဲပေးခံရ သည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ရရှိသော မဲအရေအတွက်ကို စာရင်းပြုစုပြီး မဲအများဆုံး ရရှိသည့် ပုဂ္ဂိုလ်(၇) ဦး (သို့) (၉) ဦး (သို့) (၁၁) ဦးကို ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာတွင် ကျား၊ မ အချိုး ညီစေရန် အမျိုးသမီး(၃) ဦးနှင့်အထက် ပါဝင်ဖွဲ့စည်းရမည်။ မဲရေတွက်နေစဉ်အတွင်း အစည်း အဝေး တက်ရောက်သူအားလုံး အစည်းအဝေးကျင်းပရာနေရာတွင် စောင့်ဆိုင်းနေစေ၍ မဲရေတွက် ပြီးပါက ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်များ၏အမည်ကို အားလုံးသိရှိစေရန် ကြေညာပေးရပါမည်။

၆။ ရွေးချယ်ခံရသောသူများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို သတ်မှတ်ရမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ ၏ အမည်စာရင်းကို ကျေးရွာသူ/ကျေးရွာသားများ သိရှိအောင် အသိပေးကြေညာရမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်(၇) ဦး (သို့မဟုတ်) (၉) ဦး (သို့မဟုတ်) (၁၁) ဦး တို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၁)ဦး | ဥက္ကဋ္ဌ |
| ( ခ) | ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၅)၊ (၇)၊ (၉)ဦး | အဖွဲ့ဝင်များ |
| ( ဂ) | ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၁)ဦး | အတွင်းရေးမှူး |

**ကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်**

၈။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကျေးရွာလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိရန် စည်းရုံးဆောင်ရွက်ရန်၊

( ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အထောက်အပံ့များ ရရှိရေး ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

( ဂ) ကျေးရွာရှိအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအတွက် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ရန်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်**

၉။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ်များကို အများဆန္ဒဖြင့် မဲပေးရွေးချယ်ရမည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီးသည့် ပုဂ္ဂိုလ်၊

( ခ) ငွေကြေးကိစ္စများတွင် ယုံကြည်စိတ်ချရပြီး ရပ်ရွာမှ ကြည်ညိုလေးစားခြင်း ခံရသည့် ပုဂ္ဂိုလ်၊

( ဂ) ကျေးရွာအတွင်း အမြဲတမ်းနေထိုင်သူများ၊

(ဃ) ရပ်ရွာအကျိုးကိုတက်တက်ကြွကြွ ဆောင်ရွက်လိုစိတ်နှင့် အချိန်ပေးလုပ်ဆောင်နိုင်သည့် ပုဂ္ဂိုလ်၊ စိတ်အားထက်သန်မှုရှိသော ပုဂ္ဂိုလ်များ၊

( င) ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်၊ အများနှင့် စုပေါင်းလုပ်ဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊

( စ) ပညာအရည်အချင်း အသင့်အတင့်ရှိသော ပုဂ္ဂိုလ်များ၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်သော ပုဂ္ဂိုလ်များ၊

( ဇ) ပြစ်မှုကင်းရှင်းသော ပုဂ္ဂိုလ်များ၊

(ဈ) ကျန်းမာရေးကောင်းမွန်သော ပုဂ္ဂိုလ်များ။

၁၀။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်ပိုမိုထိရောက်စေရေးအတွက် ကော်မတီဝင် ရွေးချယ်ရာတွင် လူငယ်၊လူကြီး ကျေးရွာရှိ အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များ၊ ကျား၊မ စသည်ဖြင့် စုံလင်စွာထည့်သွင်းဖွဲ့စည်းနိုင်ရန် စဉ်းစားဆောင်ရွက်သင့်ပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်–

(က) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချသည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲနည်းသင်တန်းကို တက်ရောက်ခြင်း၊

(ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ခြင်း လုပ်ငန်းကိုဦးဆောင်ခြင်း၊

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် စီမံခန့်ခွဲ နိုင်ရန် ကျေးရွာရှိလူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်း အမျိုးမျိုးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာရှိ လက်ရှိအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းမှုရှိရန်နှင့် ကျေးရွာရှိ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက အဖွဲ့သစ်များ ထပ်မံ ဖွဲ့စည်းရန် ကျေးရွာလူထုကို ဦးဆောင်ခြင်း၊

(င) လုပ်ငန်းအကောင်အထည်ဖော်မှုအောင်မြင်နိုင်ရန် ကျေးရွာတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများကို တာဝန်နှင့် ဘတ်ဂျက်ခွဲဝေချမှတ်ပေးခြင်း၊

(စ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို စီမံခန့်ခွဲနိုင်ရန် ကျေးရွာ ဘဏ်စာရင်း ဖွင့်လှစ်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊

(ဆ) ကျေးရွာရှိအဖွဲ့အစည်းများနှင့်အိမ်ထောင်စုဝင်များကို အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးကျွမ်းကျင်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ငန်း စီမံခန့်ခွဲမှုစသော စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုများကို ကြီးကြပ်၊ အကဲဖြတ်ခြင်း၊

(ဈ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြန်လည်သုံးသပ်နိုင်ရန် ကျေးရွာရှိ အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးကို ပုံမှန်ကျင်းပသွားခြင်း၊

(ည) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်ကို သုံးသပ်နိုင်ရန် ရွာလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပခြင်း၊

(ဋ) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထုထံသို့ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ အချက်အလက်များကို သိရှိစေရန် မျှဝေခြင်း၊

(ဌ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာကို ပုံမှန်တင်ပြခြင်း၊

(ဍ) ပြီးစီးခဲ့သောလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေးအတွက် ငွေရေးကြေးရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်ချမှုကို ဦးဆောင်ခြင်း၊

(ဎ) သက်ဆိုင်ရာကျေးရွာအမည်ဖြင့် ဖွင့်လှစ်ထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာရင်းရှင်များအား လုပ်ငန်းများပြီးစီး၍ စာရင်းစစ်ဆေးခံပြီးပါက ပိတ်သိမ်းခြင်း၊

(ဏ) စာရင်းစစ်ဆေးမှုခံယူခြင်း၊ အကြံပြုကန့်ကွက်ချက်များကို တာဝန်ယူဖြေရှင်းပေးခြင်း။

# အခန်း(၄)

# စီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်းနှင့်အတည်ပြုခြင်း

## စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျေးရွာမှ အများသဘောတူ ညှိနှိုင်းရွေးချယ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှ ရွေးချယ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းရွေးချယ်ရာတွင် ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးမည့် လုပ်ငန်းများရွေးချယ်ရမည်ဖြစ်ပြီး အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးရွာမှ ဖော်ထုတ်ရရှိထားပြီး အများ သဘောတူ ဦးစားပေးအလိုက် ရွေးချယ်ထားသည့် စီမံချက်များအနက်မှ ကျေးရွာအတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့် လုပ်ငန်းများကိုသာ ရွေးချယ်ဆောင်ရွက်ရန်၊

( ခ) ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမည့် လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရန်၊

( ဂ) ကျေးရွာမှ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန်၊

(ဃ) မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ် မီးလင်းနိုင်မှသာ ဆောင်ရွက်ရန်၊

( င) ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်လိုပါက သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ မြေနေရာရရှိမှု၊ ကျန်းမာရေးဝန်ထမ်းခန့်ထားပေးနိုင်မှု ရှိမှသာ ဆောင်ရွက်ရန်။

## စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်းမပြုရမည့် လုပ်ငန်းများ

၂။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များအား ဆောင်ရွက်ခြင်း မပြုရန်ဖြစ်ပါသည်-

(က) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်၊

( ခ ) အခြားဦးစီးဌာနများမှ လက်ရှိဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်၊

( ဂ ) မြေနေရာဝယ်ယူခြင်းများဆောင်ရွက်ခြင်းမပြုရန်၊

(ဃ) ဘာသာရေး၊ နိုင်ငံရေးနှင့်ပတ်သက်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်း မပြုရန်။

၃။ စီမံကိန်းကျေးရွာမှ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ရန် သင့်မသင့်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သေချာကွင်းဆင်းစိစစ်တိုင်းတာတွက်ချက်၍ ခရိုင်မှတဆင့် တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံ တင်ပြအတည်ပြုချက် ရယူရမည်။

၄။ စီမံကိန်းကျေးရွာမှ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးရမည်။ ဖွံ့ဖြိုးရေးဆောင်ရွက်စဉ် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ကြီးကြပ်ဆောင်ရွက်ရမည်။

၅။ သက်ဆိုင်ရာဌာနများမှ ၎င်းတို့၏ ရန်ပုံငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက အဆိုပါဦးစီးဌာနများ၏ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ရပါမည်။

၆။ စီမံကိန်းကျေးရွာများမှ ဖော်ထုတ်ခဲ့သည့် ဦးစားပေးလုပ်ငန်းများအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကဏ္ဍအလိုက်ပြုစု၍ ဘတ်ဂျက်မရေးဆွဲမီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီတင်ပြနိုင်ရန်ပြုစု၍ ခရိုင်မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရထံ ကဏ္ဍအလိုက် စုစည်းတင်ပြပြီး သက်ဆိုင်ရာဌာနများတွင် လျာထားနိုင်ရေးတင်ပြ ဆောင်ရွက်သွားရမည်။

## အခန်း(၅)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်း

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရန်ကောက်ယူရမည့် ကိန်းဂဏန်းအချက်အလက်များ

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရန် ကောက်ယူရမည့် အဓိက အချက်အလက်များမှာ -

(က) ကျေးရွာလူဦးရေဆိုင်ရာအချက်အလက်များ၊

( ခ) ကျေးရွာ၏လူမှုဖွံ့ဖြိုးရေးအချက်အလက်များ၊

( ဂ) ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေများဖြစ်ပါသည်။

၂။ ဖော်ပြပါအဓိကအချက်များ၏ အသေးစိတ်ကိုအောက်ပါဇယားတွင် ကောက်ယူရရှိနိုင်သည့် အရင်းအမြစ်များနှင့်အတူ ဖော်ပြထားပါသည် -

| **ကောက်ယူရမည့်သတင်း** | **ရှင်းလင်းဖော်ပြချက်** | **ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ**<br>**(တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊**<br>**ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း)** |
|---|---|---|
| **လူဦးရေ၊လူဦးရေနှင့်သက်ဆိုင်သောအချက်အလက်များ** | | |
| ၁။ လူဦးရေ၊လူဦးရေနှင့်သက်ဆိုင်သောအချက်အလက်များ၊ | • အသက်အပိုင်းအခြားအလိုက်၊<br>• ကျား၊ မ အလိုက်၊ | **ဆ:**မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန<br>**တ:**အိမ်ထောင်တစ်စုချင်းစီထံမှ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| **လူမှုစီးပွားအခြေအနေများ** | | |
| ၂။ သဘာဝသယံဇာတ အရင်းအမြစ်<br>• မြေယာအရင်းအမြစ်၊<br>• ဆည်ရေသောက်ရေရိယာ၊<br>• အဓိကသီးနှံနှင့်ထွက်ရှိမှု၊<br>• အခက်အခဲနှင့် အခွင့်အလမ်း၊ | • သဘာဝအရင်းအမြစ်ကို အခြေခံသော<br>- မြေယာအရင်းအမြစ်၊<br>- ဆည်ရေသောက်ရေရိယာ၊<br>- အဓိကသီးနှံနှင့်ထွက်ရှိမှု၊<br>- အခက်အခဲနှင့် အခွင့်အလမ်း၊ | **တ:** သယံဇာတပြမြေပုံ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း ၊<br>**ဆ:** မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန) |
| ၃။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအမျိုးအစားများ | • အိမ်ထောင်စုများ၏အဓိက အလုပ်အကိုင်အခြေအနေ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| ၄။ ဓနအဆင့်၊ ဝင်ငွေအဆင့်နှင့်ဝမ်းစာဖူလုံမှု အခက်အခဲ၊ | • ကျေးရွာအိမ်ထောင်စုများ၏ အဓိကပိုင်ဆိုင်ပစ္စည်းများ၊<br>• ဓနအဆင့်သတ်မှတ်ခြင်းမှ ဝင်ငွေနှင့်ဓနပိုင်ဆိုင်မှုကို ညွှန်ပြသည်၊ | **တ:**ဓနအဆင့်သတ်မှတ်ခြင်း လေ့ကျင့်ခန်း၊ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူခြင်း၊ |
| **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ** | | |
| ၅။ကျေးရွာအခြေပြုအဖွဲ့အစည်းပုံစံများနှင့်အဖွဲ့အစည်းဆိုင်ရာအရေးကိစ္စများ၊ | • ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အဖွဲ့အစည်းအမျိုးမျိုး၏ ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုတွင်ပါဝင်မှုများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း |
| ၆။ပြင်ပအဖွဲ့အစည်းများနှင့်၎င်းတို့၏လုပ်ငန်းများ၊ | • ပြင်ပရှိအဖွဲ့အစည်းများနှင့် ၎င်းတို့ပံ့ပိုးသည့်လုပ်ငန်းများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာနနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏာန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| ၇။သီးနှံထုတ်လုပ်မှုအခြေအနေ<br>• စိုက်ပျိုးသီးနှံအလိုက်ထုတ်လုပ်မှုအခြေအနေ၊<br>• တိုးတက်ထုတ်လုပ်နိုင်ရန်အခွင့်အလမ်းများ၊ အခက်အခဲများ၊ | • စိုက်ပျိုးသီးနှံအလိုက်ထုတ်လုပ်မှုအခြေအနေ၊<br>• တိုးတက်ထုတ်လုပ်နိုင်ရန်အခွင့်အလမ်းများ၊အခက်အခဲများ၊ | **တ:**သယံဇာတပြမြေပုံ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၈။ တိရစ္ဆာန်ပိုင်ဆိုင်မှု (ကျွဲ၊နွား၊ဝက်၊ဆိတ်၊ မြင်း၊ လား စသည်)၊ | • အိမ်ထောင်စုများ၏အသက်မွေးဝမ်းကျောင်းနှင့်လုပ်ငန်းသုံးပစ္စည်းများပိုင်ဆိုင်မှု၊ | **တ:**အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူခြင်း၊ ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၉။အသားးနို့ထုတ်လုပ်မှုတိုးတက်လာစေရန်အခွင့်အလမ်းနှင့်အဟန့်အတားများ၊ | • မွေးမြူထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းနှင့်အဟန့်အတားများ၊ | **တ:**သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:**မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ |
| ၁၀။ ရေချိုနှင့်ရေငန်ငါးသယံဇာတများ၊ | • ရေချိုနှင့်ရေငန်ငါးသယံဇာတများ၊ | **တ:**သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:**မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ကျေးရွာအုပ်စု |

| **ကောက်ယူရမည့်သတင်း** | **ရှင်းလင်းဖော်ပြချက်** | **ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း)** |
|---|---|---|
| | | အုပ်ချုပ်ရေးမှူးရုံး၊ |
| ၁၁။ ငါးဖမ်းလုပ်ငန်း– ငါးကန်၊ ငါးဖမ်းလှေ၊ ငါးဖမ်းခြင်းနှင့်ပတ်သက်သောပစ္စည်းကိရိယာများ၊ | • ရေချိုနှင့်ရေငန်ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်သောပစ္စည်းကိရိယာများ၊ | **တ:** သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:** မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ |
| ၁၂။ ငါးထုတ်လုပ်မှုတိုးတက်လာစေရန်အတွက်အခွင့်အလမ်း၊အဟန့်အတားများ၊ | • ငါးထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် အခွင့်အလမ်း၊အဟန့်အတားများ၊ | **တ:** သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း<br>**ဆ:** မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ |
| ၁၃။ စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ – မိသားစု ရပ်တည်နိုင်မှု၊ | • စိုက်မွေး မဟုတ်သောလုပ်ငန်းများလုပ်ကိုင်သည့် မိသားစုအရေးအတွက် (သို့) စီးပွားရေး လုပ်ငန်း အရေးအတွက်နှင့် မိသားစု ရပ်တည်နိုင်မှုအခြေအနေ၊ | **တ:** ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| ၁၄။ စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများ၏အခွင့်အလမ်းများနှင့် အလားအလာများ၊ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများတိုးတက်ရန်အထောက်အကူဖြစ်စေမည့်အခြေအနေကောင်းများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၁၅။ ရွှေ့ပြောင်းလုပ်ကိုင်မှု | • ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေ၊ပြန်ပို့ငွေအားမှီခိုမှုအခြေအနေနှင့် အထောက်အကူပြုနိုင်မှုများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၁၆။ ဈေးကွက်လက်လှမ်းမီမှုများ၊ | အကွာအဝေး၊သယ်သူပို့ဆောင်ရေးလမ်းကြောင်း၊ကုန်ပစ္စည်းအမျိုးအစားများနှင့်ရရှိနိုင်သောဝန်ဆောင်မှုများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၁၇။ ဈေးကွက်တိုးတက်ရေးအတွက်အခက်အခဲများ (အဆောက်အဦ၊ ဝန်ဆောင်မှု၊ဈေးနှုန်းသတ်မှတ်ခြင်း)၊ | | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| ၁၈။ ငွေကြေးဝန်ဆောင်မှုများနှင့်လက်လှမ်းမီမှု၊ | | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၁၉။ ပညာရေးနှင့် စာတတ်မြောက်မှု၊<br>• စာတတ်မြောက်မှုနှင့်စာမတတ်မြောက်မှု၊ လူဦးရေ၊ကျောင်းတက်ရာခိုင်နှုန်း၊ပညာရေးနှင့်ပတ်သက်သောအခက်အခဲများ(ဆွံ့၊အ၊နားမကြားကျောင်းကဲ့သို့ကျောင်းပြင်ပပညာရေး၊ ဆရာ/ဆရာမရရှိနိုင်မှု၊ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများ၊ ကျောင်းနေသည့်ကုန်ကျစရိတ်အပြည့်အဝ မပေးနိုင်သော ဆင်းရဲသားမိသားစုများကိစ္စ၊မိဘဆရာအသင်း၏အခန်းကဏ္ဍ၊ | • စာတတ်မြောက်မှုနှင့် စာမတတ်မြောက်မှုလူဦးရေ–ကျား/မ၊<br>• ကျောင်းနေအရွယ်ကလေးများ၊အထက်တန်းကျောင်းတက်ရောက်မှု ရာခိုင်နှုန်း – ကျား/မ၊<br>• ပညာရေးနှင့်ပတ်သက်သောအခက်အခဲများ (ကျောင်းသား/ဆရာအချိုး၊ ကျောင်းထွက်နှုန်း စသည်ဖြင့်)၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊<br>**ဆ:**မူလတန်းနှင့်အလယ်တန်းကျောင်း၊ |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| ၂၀။ ကျန်းမာရေးနှင့် အာဟာရ<br>• အဖြစ်များသောရောဂါ၊<br>• ကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများနှင့် ကျန်းမာရေးအတွက်ပံ့ပိုးပစ္စည်းများ လက်လှမ်းမီမှု၊ | • အဖြစ်များသောရောဂါများ၊<br>• ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဝန်ဆောင်မှု အခြေအနေနှင့် ကျန်းမာရေး အတွက် ပံ့ပိုးပစ္စည်းများ၊ | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊<br>**ဆ:**ဒေသရှိကျန်းမာရေးဌာနများ၊ |
| ၂၁။ ရေကောင်းရေသန့်ရရှိမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ | • အရင်းအမြစ်၊ရေပိုက်လိုင်း၊ ကျေးရွာရေကန်၊ရေတွင်း၊ အဝီစိတွင်းအရေအတွက်၊<br>• ရေအရည်အသွေး-စမ်းသပ်ပြီးမစမ်းသပ်၊ကောင်း/ဆိုး<br>• သောက်ရေသုံးရေရရှိမှု - အိမ်ထောင်စုများရာသီမရွေးရေလုံလောက်မှု၊<br>• ရေကောင်းရေသန့်နှင့် ပတ်သက်သောပံ့ပိုးပစ္စည်းများ၊<br>• အဓိကပြဿနာ၊ အဟန့်အတားနှင့်အခက်အခဲများ၊ | **တ:**သယံဇာတပြမြေပုံ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၂၂။ကျား-မရေးရာကိစ္စရပ်များ၊ | | **တ:**ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |

| **ကောက်ယူရမည့်သတင်း** | **ရှင်းလင်းဖော်ပြချက်** | **ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း)** |
|---|---|---|
| ၂၃။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး၊ | • အားလပ်ချိန်အသုံးချပုံများ၊<br>• အနုပညာ၊ယဉ်ကျေးမှုလုပ်ရှားမှုများ၊<br>• ဘာသာရေးနှင့်ဆိုင်သောလုပ်ငန်းများ၊<br>• လူငယ်နှင့် အားကစား၊ | **ဆ:** ဦးတည်အုပ်စုဆွေးနွေးခြင်း၊ |
| ၂၄။ သယ်ယူပို့ဆောင်ရေးနှင့်ဆိုင်သော အဆောက်အဦများ၊ | • လမ်းမကြီးများနှင့်လက်လှမ်းမီမှုများ<br>✓ ကျေးရွာနှင့်အနီးဆုံးလမ်းမကြီးအကွာအဝေး (မိုင်)၊<br>✓ ချဉ်းကပ်လမ်း၊အရှည်၊ တည်ဆောက်ခဲ့သောနှစ်၊ လက်ရှိအခြေအနေ၊ အမျိုးအစား၊ ကောင်း (သို့) ဆိုး၊ ရာသီမရွေးသွားလာနိုင်၊သွား၍ရသော လမ်းကြောင်း၊<br>• ရေလမ်း သယ်ယူ ပို့ဆောင်ရေး<br>✓ မြစ်ချောင်း သယ်ယူပို့ဆောင်ရေး ၊ | **တ:** သယံဇာတပြမြေပုံ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ (တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊ ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| | ✓ ပင်လယ် ရေကြောင်း သယ်ယူပို့ဆောင်ရေး၊ | |
| ၂၅။ ကျေးရွာအဆောက်အဦများ နှင့်အခြား | • ကျေးရွာအဆောက်အဦများ နှင့်လက်လှမ်းမီမှု၊ | **တ:** သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း |
| ၂၆။ လျှပ်စစ်စွမ်းအင် | • မဟာဓာတ်အားလိုင်းနှင့် လက်လှမ်းမီမှု၊<br>• ဆိုလာစွမ်းအင်၊<br>• အသေးစားနှင့်အလတ်စား ရေအားလျှပ်စစ်၊<br>• ဒီဇယ်လျှပ်စစ်ဓာတ်အား ပေးစက်၊<br>• လေအားလျှပ်စစ်၊<br>• ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်၊ | **တ:** သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း |
| ၂၇။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ<br>• တယ်လီဖုန်းကွန်ယက်၊<br>• လက်ကိုင်ဖုန်းကွန်ယက်၊<br>• ရေဒီယိုဆက်သွယ်ရေး၊ ရုပ်မြင်သံကြား၊ | | **တ:** သယံဇာတပြမြေပုံ၊ဦးတည်အုပ်စုဆွေးနွေးခြင်း |

| ကောက်ယူရမည့်သတင်း | ရှင်းလင်းဖော်ပြချက် | ကိန်းဂဏန်း ကောက်ယူရရှိနိုင်သည့်နေရာ<br>(တ: မူလအရင်းအမြစ်မှ တိုက်ရိုက် သတင်း၊<br>ဆ: တစ်ဆင့်ခံအရင်းအမြစ်မှကောက်ယူသတင်း) |
|---|---|---|
| • သတင်းစာ၊ဂျာနယ်၊<br>• သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၊အင်တာနက်လက်လှမ်းမီမှု၊ | | |

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် အလွှာစုံမှ ကျေးရွာသူ၊ ကျေးရွာသားများအားလုံး ပါဝင်လုပ်ဆောင်ခွင့် ရစေပါမည်။ ကျေးရွာလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုရစေမည့် နည်းလမ်းများကို အသုံးပြု၍ ဤလုပ်ငန်းစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများပါဝင်လာရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲရေးအဖွဲ့မှ နည်းပညာကူညီမည်ဖြစ်ပါသည်။ ၎င်းနည်းလမ်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ကျေးရွာသူ၊ ကျေးရွာသားများအား ရည်မှန်းချက်ပန်းတိုင် တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးဗျူဟာများနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများ စီစဉ် ရေးဆွဲရေးဆိုင်ရာစွမ်းရည်များ တိုးတက်စေပါမည်။

၄။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များကို PRAဖြင့် ကောက်ယူခြင်းအပြင် တစ်ဆင့်ခံနေရာများမှလည်း ကောက်ယူရပါမည်။ ၎င်းကောက်ယူပြီးသော ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ တည်ဆောက်ထားသည့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား(၄၈)ခုတွင် ထည့်သွင်း၍ သုံးသပ်လိုက်သောအခါ ကျေးရွာဖွံ့ဖြိုးရေး အခြေအနေများအား သိမြင်လာပါလိမ့်မည်။

၅။ PRA လုပ်ငန်းစဉ်တွင် သတင်းအချက်အလက်များကောက်ယူရာ၌ **(၁) ကျေးရွာအဆင့်ဆိုင်ရာသတင်းအချက်အလက်များနှင့် (၂)မိသားစုအဆင့်ဆိုင်ရာ သတင်းအချက်အလက်များဟူ၍ (၂)မျိုးကောက်ယူရမည်**ဖြစ်သည်။ ထို့အပြင်လိုအပ်သော တစ်ဆင့်ခံကိန်းဂဏန်းအချက်

အလက်များကိုလည်း မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ၊ ကျောင်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် အခြားသက်ဆိုင်ရာနေရာဌာနတို့မှ ကောက်ယူနိုင်ပါသည်။

၆။ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဆွေးနွေးဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်၌ ကောက်ယူမည့်မိသားစုအဆင့်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ကျေးရွာအဆင့်ဆိုင်ရာ သတင်းအချက်အလက်များ ဖော်ထုတ်ပုံကောက်ယူပုံကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

**ဇယား - အခြားဌာနအသီးသီးမှတစ်ဆင့်ခံ ကိန်းဂဏန်းများနှင့် PRAတွင် စီမံကိန်း ရေးဆွဲရေးဆိုင်ရာ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ ဖော်ထုတ်ပုံ၊ ရယူပုံ**

| သတင်းအချက်အလက် ရယူမည့်နေရာ | သတင်းအချက်အလက် ရယူမည့် နည်းစနစ် | ရရှိလာမည့် သတင်းအချက်အလက် |
|---|---|---|
| **ကောက်ခံရမည့်ကျေးရွာအဆင့်သတင်းအချက်အလက်များ** | | |
| **<u>ကျေးရွာလူထုအစည်း</u>**<br><br>**<u>အဝေး</u>**<br>• ကျေးရွာသူ/သားများ အားလုံး၊<br>• PRAတွင်ပါဝင်သူများ၊<br><br>**<u>ဦးတည်အုပ်စုဆွေးနွေးပွဲ</u>**<br>• အသက်မွေးဝမ်းကျောင်း ကဏ္ဍအဖွဲ့ (လယ်သမားအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ များအုပ်စု)<br>• အမျိုးသမီးအုပ်စု၊ရပ်မိရပ် | • ခနအဆင့်သတ်မှတ်ခြင်း၊<br>• ကျေးရွာမြေပုံနှင့်သယံဇာတမြေပုံ၊<br>• အဖွဲ့အစည်းဆိုင်ရာအခြေအနေကိုဆန်းစစ်ခြင်း (အဖွဲ့များဆက်စပ်မှုကိုအသုံးပြုခြင်း)၊<br>• ဖော်ထုတ်ထားသော စီမံကိန်းများကို ဦးစားပေး အဆင့်သတ်မှတ်ခြင်း၊<br>• ကျေးရွာမြေပုံ(အခြားသော သတင်းအချက်အလက်များ နှင့်ဆန်းစစ်ဝေဖန်မှုများ အတွက်)၊ | • ကျေးရွာရှိအိမ်ထောင်စု အလိုက်ခနအဆင့်၊<br>• ကျေးရွာ၏ရေမြေရာသီဥတုနှင့်သယံဇာတ အရင်း အမြစ်များ၊<br>• ကျေးရွာရှိအဖွဲ့အစည်း ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊<br>• ကဏ္ဍအသီးသီးရှိပြဿနာများ၊<br>• ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ၊<br>• ဦးစားပေးစီမံကိန်းစာရင်း၊ |

| သတင်းအချက်အလက် ရယူမည့်နေရာ | သတင်းအချက်အလက် ရယူမည့် နည်းစနစ် | ရရှိလာမည့် သတင်းအချက် အလက် |
|---|---|---|
| ဖအုပ်စု၊လူငယ်အုပ်စု) | • အဖွဲ့အစည်းဆိုင်ရာအခြေအနေကိုဆန်းစစ်ခြင်း (အခြားသောသတင်းအချက်အလက်များနှင့်ဆန်းစစ်ဝေဖန်မှုများအတွက်)၊ | |
| **ကောက်ယူရမည့်အိမ်ထောင်စုအဆင့်သတင်းအချက်အလက်များ** | | |
| • သတ်မှတ်အိမ်ထောင်စု၊ | • ဆင်းရဲသောအိမ်ထောင်စုများကိုစနစ်တကျပြုစုထားသောမေးခွန်းများဖြင့်မေးမြန်းဆွေးနွေးခြင်း၊ | • ဝမ်းစာဖူလုံမှုအခြေအနေများ၊ <br> • အခက်အခဲဖြေရှင်းသည့်နည်းလမ်းများ၊ |
| • အိမ်ထောင်စုအားလုံး၊ | • အိမ်ထောင်စုလိုက်စစ်တမ်းကောက်ခြင်း၊ | • လူဦးရေ၊မိသားစုဝင်များ၏အတန်းပညာပြီးမြောက်မှု၊အလုပ်အကိုင်၊ |
| **ဆင့်ပွားသတင်းရင်းမြစ်များမှကောက်ယူရမည့်သတင်းအချက်အလက်များ** | | |
| • ဌာနဆိုင်ရာများနှင့်ကျေးရွာစာသင်ကျောင်း၊အုပ်ချုပ်ရေးမှူးရုံးစသည်၊ | • မြို့နယ်အဆင့်တာဝန်ရှိသောဌာနဆိုင်ရာများတွင်ထိန်းသိမ်းထားသောမှတ်တမ်းများ၊ <br> • ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှတ်တမ်းများ၊ <br> • ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျောင်းများရှိ မှတ်တမ်းများ၊ <br> • အခြားယုံကြည်စိတ်ချရသောရင်းမြစ်များမှမှတ်တမ်းများ၊ | • ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာသတင်းအချက်အလက်များ၊ <br> • ကျေးရွာ၏အဖွဲ့အစည်းဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်များ၊ <br> • ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေဆိုင်ရာသတင်းအချက်အလက်များ၊ |

၇။ အထက်ပါဇယားမှ အချက်အလက်များကို ချုပ်လိုက်လျှင် အောက်ပါဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားကို ပြုစုဖော်ထုတ်နိုင်ပါမည်။ ယင်းဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားကို ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်များက ကျေးရွာလူထု အစည်းအဝေး၌ ကျေးရွာ၏ ဖွံ့ဖြိုးရေးအခြေအနေများနှင့် ဗျူဟာများကို အသေးစိတ် ပြန်လည်စဉ်းစားသုံးသပ်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးစီမံကိန်းများ ရွေးချယ်သတ်မှတ်ရန် ရှင်းလင်းရာတွင် အသုံးချနိုင်ပါသည်။

**ဇယား – ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု(ဖွံ့ဖြိုးရေးကွင်းဆက်)**

| လက်ရှိအခြေအနေ၊ အခက်အခဲနှင့်ပြဿနာ | အခက်အခဲ၊ ပြဿနာများကိုဖြစ်စေသောအကြောင်းရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

## အခန်း(၆)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အောက်ပါ အချက်များအား အခြေခံ၍ ဆောင်ရွက်ရပါမည်–

(က) **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရန်ပြင်ဆင်ခြင်း။**

ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် သက်ဆိုင်ရာကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များထဲမှ ရွာခံစီမံကိန်းရေးဆွဲသူ(၂)ဦးကို ရွေးချယ်ပေးရန် ဖြစ်ပါသည်။ ရွေးချယ်ရာတွင် ဘွဲ့ရ (သို့) အထက်တန်းအောင် (သို့) အလယ်တန်းအောင်သည့် ကျား/မအား ရွေးချယ်ပေးရန် ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကပို့ချသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲခြင်းသင်တန်းကို ဦးစွာ တက်ရောက်ရပါမည်။ သင်တန်းရယူပြီးသော ရွာခံစီမံကိန်းရေးဆွဲသူများသည် မိမိရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရန် (၂/၃)ရက်ကြိုတင်၍ ကျေးရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မည့်အကြောင်း သတင်းပို့ရမည်။ လိုအပ်သောသတင်းအချက်အလက်များ ကောက်ယူရန်နှင့် ဆွေးနွေးပွဲကျင်းပမည့်နေရာ၊ ကျေးရွာသူကျေးရွာသားများ ဖိတ်ကြားခြင်း အစရှိသည်တို့ကို ဆွေးနွေး တိုင်ပင်ပြင်ဆင်ရန်ဖြစ်ပါသည်။

(ခ) **ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရေး အချက်အလက်များကောက်ယူခြင်း**

(၁) **အဆင့်(၁) ကိန်းဂဏန်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်း။**

ကျေးရွာလူထုနှင့် PRA မပြုလုပ်မီ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်များသည် စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ၊ စက်ရုံ၊ အလုပ်ရုံ စသည်တို့က အဆင်သင့်ပြုစုထားပြီးသော ကိန်းဂဏန်း အချက်အလက်များကို ကောက်ယူထားရပါမည်။ ထို့နောက် လူဦးရေဆိုင်ရာသတင်း အချက်အလက်

များ၊ ကျေးရွာလူမှုရေး၊ စီးပွားရေးအခြေအနေများ နောက်ဆက်တွဲ(က) ပါ အတိုင်း ကောက်ယူရန် ဖြစ်ပါသည် –

(၂) **အဆင့် (၂)ကျေးရွာအခြေအနေပြမြေပုံရေးဆွဲခြင်း။** ကျေးရွာမြေပုံသည် ကျေးရွာက ပိုင်ဆိုင်သည့် လူသားဖန်တီးထားသည့် အရင်းအမြစ်များ (ဥပမာ – လမ်း၊ တံတား စသည်)၊ သဘာဝအရင်းအမြစ်များအကြောင်း စသည် တို့ကို လေ့လာဖော်ထုတ်ရန် အကူအညီပေးသော နည်းတစ်ခု ဖြစ်ပါသည်။ ဤနည်းကို အသုံးပြုခြင်းဖြင့် ကျေးရွာ၏ လက်ရှိ ထုတ်လုပ်မှုဆိုင်ရာ သယံဇာတများအကြောင်းနှင့် ၎င်းတို့၏ နောင်အလားအလာများအပေါ် ကျေးရွာသူ၊ ကျေးရွာသားများ၏ အမြင်၊ သဘောထားများ ဖော်ထုတ်နိုင်ပါသည်၊

(၃) **အဆင့်(၃)ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲခြင်း။** ရာသီခွင်အလိုက်လူမှုဘဝ အခြေအနေပြ ပြက္ခဒိန်သည် ရွာသူ/ရွာသားများ တစ်နှစ်တာအတွင်း ကြုံတွေ့၊ ခံစား၊ ဖြတ်သန်း၊ လှုပ်ရှားလုပ်ဆောင်နေကြသည့်အကြောင်းအရာများကို လအလိုက် ခြုံငုံဖော်ပြခြင်း ဖြစ်ပါသည်။ ရွာ၏ စီးပွားရေး၊ လူမှုရေး၊ သယံဇာတနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စသည့် အကြောင်းအရာများကို အလွယ်တကူ ကွက်ကွက်ကွင်းကွင်း မြင်အောင်ပြသနိုင်သည့်နည်း ဖြစ်သည်။ အထူးသဖြင့် အရေးကြီးသည့် အချက်များ ဖြစ်သော ရာသီဥတု၊ အလုပ်အရှုပ်ဆုံးလ၊ အလုပ်အပါးဆုံးလ၊ ငွေရှင်သောလ၊ ရေရှားသောလ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားနှင့် ကျရောက်တတ်သည့်လ၊ ရောဂါထူပြောသောလ၊ ပွဲလမ်းသဘင်/ အရေးကြီးအခါသမယ အခါတော် စသည်တို့ကို အလေးထား ထည့်သွင်းရမည်။

(၄) **အဆင့်(၄) အဖွဲ့အစည်းချိတ်ဆက်မှုပြပုံရေးဆွဲခြင်း။** အဖွဲ့အစည်းချိတ်ဆက်မှုပြပုံရေးဆွဲခြင်းသည် ကျေးရွာလူထုအတွင်းရှိ အဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများ၏ ဖြစ်တည်မှုနှင့် ၎င်းတို့၏ လွှမ်းမိုးမှုများအပေါ် သုံးသပ်ဆွေးနွေးနိုင်ရန်ဖြစ်ပါသည်။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အရေးကြီးသောအုပ်စုများ၊ အဖွဲ့အစည်းများအကြောင်း သိရှိစေရန် ဖြစ်ပါသည်။

(၅) **အဆင့် (၅) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း။** ကျေးရွာသူ / ကျေးရွာသားများအားလုံး သဘောတူထားသော စံသတ်မှတ်ချက်များကို အသုံးပြု၍ အိမ်ထောင်စု တစ်စုချင်းစီ၏ ဓနအဆင့်ကိုခွဲခြားသည်။ အိမ်ထောင်စု တစ်စုချင်း

စီ၏ ခနအဆင့် သတ်မှတ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ လုပ်ဆောင်ရာတွင် သာတူညီမျှမှုကိစ္စကို ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် ဥစ္စာခနအဆင့်ကို အောက်ဖော်ပြပါ အဆင့် (၄)ဆင့်ဖြင့် ခွဲခြားထားပါသည်။

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန် မပြေလည်သော အိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | | | | |
| **အိမ်အခြေအနေ** | | | | |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | | | | |
| **အဓိကစီးပွားရေး လုပ်ငန်း** | | | | |
| **အိမ်ထောင်စု** | | | | |

(၆) **အဆင့် (၆) ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှု အခြေအနေ ကောက်ယူခြင်း။** ကျေးရွာ၏ ဥစ္စာခနအဆင့် (၃နှင့်၄)မှ အိမ်ထောင်စုများမှ ၃၀ %စီကို ၎င်းအဆင့်များ၏ ဝမ်းစာဖူလုံမှုအခြေအနေနှင့် ဖြေရှင်းနည်းလမ်းများကိုသိရှိရန် စစ်တမ်းကောက်ယူမည်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရခြင်းဖြင့် အကျိုးရလဒ်များမှာ အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှု အခြေအနေကို သိရှိခြင်းဖြင့် အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ အခြားပြင်ပအဖွဲ့အစည်းကဖြစ်စေ ဆင်းရဲသော မိသားစုများ၏ ဝမ်းစာဖူလုံရေး လုပ်ငန်းစီမံချက်များဆောင်ရွက်ရန် ဦးစားပေး ထည့်သွင်းစဉ်းစားလာနိုင်မည် ဖြစ်ပါသည်။ ကျေးရွာ၏ ဝမ်းစာဖူလုံမှုနှင့် ပတ်သက်သော ပြောင်းလဲတိုးတက်မှု အခြေအနေကို တိုင်းတာရန်အတွက် ယခုကောက်ယူမည့် ဝမ်းစာဖူလုံမှုဆိုင်ရာ ကိန်းဂဏန်းများသည် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(ကက) ဝမ်းစာဖူလုံမှုအခြေအနေ (ဝမ်းစာအတွက်မချေးမငှားဘဲစားသောက်နိုင်မှု)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လ အထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

## (၁၁) ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေးတင်ရှိမှုကို ဆန်းစစ်သောမေးခွန်းများ

| စဉ် | အိမ်ထောင်ဦးစီး အမည်(အမျိုးသမီး အိမ်ထောင်ဦးစီး ဖြစ်ပါက ၎င်းအမည်ကို ဖော်ပြရန်) | ဓန အဆင့် | ဝမ်းစာဖူလုံမှုအခြေအနေကောက်ယူခြင်း (သက်ဆိုင်သည့်အကွက်ကို✓ခြစ်ရန်) | | | | | | | | အကြွေးတင်မှုစစ်တမ်းကောက်ယူခြင်း (မှတ်ချက်တွင်ဖော်ပြထားချက်များကို အသုံးပြုရန်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | လွန်ခဲ့သော၁၂လအတွင်းဝမ်းစာမဖူလုံ၍ | | | | | ဝမ်းစာဖူလုံမှု (လ) | | | | | |
| | | | အခြားအစာပြောင်းလဲစား | လျှော့စား | ချေးယူ | အထောက်အပံ့ယူ | လုပ်အားခကြိုယူ | ၃ လအောက် | ၃ - ၆လ | ၆- ၁၂လ | အကြွေးတင်မှု (ရှိ၊မရှိ) | မည်သူ့ထံမှချေးယူ (၁-၇) | မည်သည့်ကိစ္စအတွက်သုံးစွဲ (၈-၁၂) |
| ၁ | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | |

| | | | | |
|---|---|---|---|---|
| **မှတ်ချက်** | အပေါင်ဆိုင် – ၃ | အစိုးရစီမံကိန်း – ၆ | အဝတ်အထည်၊နေစရာ – ၉ | ဝင်ငွေရအလုပ်အကိုင် – ၁၂ |
| ဆွေမျိုး(သို့)မိတ်ဆွေ– ၁ | အစိုးရဘဏ် – ၄ | အန်ဂျီအို – ၇ | ကျန်းမာရေး – ၁၀ | အခြားပစ္စည်းများဝယ်ယူရန်–၁၃ |
| ငွေတိုးချေး – ၂ | ပုဂ္ဂလိကဘဏ် – ၅ | စားသုံးရန်အတွက် – ၈ | ပညာရေး – ၁၁ | |

(၇) **အဆင့် (၇) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုဝေဖန်ဆန်းစစ်ခြင်း။** အကဲဖြတ်ဆန်းစစ်ရမည့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်ရေး အခြေအနေဆိုင်ရာ အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(ကက)** ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊

**(ခခ)** စီးပွားရေးအခြေအနေ၊

**(ဂဂ)** ဝင်ငွေနှင့် ထွက်ငွေ၊

**(ဃဃ)** ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ၊

**(ငင)** စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊

**(စစ)** ရွှေ့ပြောင်းလုပ်သားများ၊

**(ဆဆ)** ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ (တောတောင်၊ ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန်များ) စီမံခန့်ခွဲခြင်း၊

**(ဇဇ)** ငွေကြေးနှင့် ဘဏ်လုပ်ငန်းများလက်လှမ်းမီမှု၊

**(ဈဈ)** ပညာရေးနှင့် ကျန်းမာရေးအခြေအနေနှင့် ဝန်ဆောင်မှု၊

**(ညည)** ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ၊

**(ဋဋ)** လူမှုအဆောက်အဦများအခြေအနေ၊

**(ဌဌ)** လျှပ်စစ်နှင့် ဆက်သွယ်ရေးလုပ်ငန်း၊

**(ဍဍ)** ယဉ်ကျေးမှုနှင့် လူငယ်များဖွံ့ဖြိုးရေး၊

**(ဎဎ)** ဘေးကင်းလုံခြုံမှု။

(၈) PRA တွင် အထက်ပါကဏ္ဍများသုံးသပ်ရာ၌ ဝိုင်းဖွဲ့ဆွေးနွေးခြင်း နည်းလမ်းကို အသုံးပြုပါမည်။ **ဝိုင်းဖွဲ့ဆွေးနွေးခြင်း (သို့) ဦးတည်အုပ်စု ဆွေးနွေးခြင်း** (Focus Group Discussion) ပြုလုပ်ရာတွင် **ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု** စသည်ဖြင့် အုပ်စုဖွဲ့ ဆွေးနွေးခြင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ ဦးတည်အုပ်စု ဆွေးနွေးခြင်း ပြုလုပ်ရာတွင်

ကျေးရွာသယံဇာတပြမြေပုံနှင့် တစ်ဆင့်ခံနေရာများမှ ကောက်ယူထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ဆွေးနွေးရပါမည်။ ဆွေးနွေး သုံးသပ်ဆန်းစစ်မည့် လုပ်ငန်းအဆင့်များကို အောက်ပါအတိုင်း အသေးစိတ် ဖော်ပြထားပါသည် –

| **ဆန်းစစ်မည့်အချက်/ နည်းစနစ်** | **မေးခွန်းများ (Key Questions)** |
|---|---|
| **ကျေးရွာအဖွဲ့အစည်းများ အခြေအနေ**<br>• ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရန်ရွာတွင်း၊ ရွာပြင်အဖွဲ့အစည်းများ၊<br>• ရွာလူထုအတွက် အရေးကြီးသည့် အဖွဲ့အစည်းများနှင့် အကြောင်းပြချက်များ။<br>**နည်းစနစ်**<br>• ရပ်မိရပ်ဖအုပ်စု၊အမျိုး သမီးအုပ်စုများနှင့် FGD ပြုလုပ်ခြင်း။ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>ကျေးရွာအတွင်း၌ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန်ဘယ်အဖွဲ့တွေ ရှိနေသလဲ။ ဖော်ပြခဲ့သောအဖွဲ့အစည်းများအနက် မည်သည့်အဖွဲ့ များကကျေးရွာအတွက်စွမ်းဆောင်မှုအကောင်းဆုံးလဲ၊ဘာကြောင့် လဲ။<br>မည်သည့်ပြင်ပအဖွဲ့အစည်းများက ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင် ရောက်ဆောင်ရွက်နေသလဲ၊ ဘာလုပ်ငန်းတွေလဲ။ ကျေးရွာ၏ဖွံ့ဖြိုး ရေးအတွက် အဖွဲ့အစည်းဆိုင်ရာစနစ်တိုးတက်ရေးအတွက် ဘာတွေ လုပ်ဖို့ လိုပါသလဲ။<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင် အောက်ပါသတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ထားသောဇယားများဖြင့်ကောက်ယူရန်</u> (ဇယား – ၁၁မှ၁၂)**<br>ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ၏ အမည်၊ အဖွဲ့ ဝင်ဦးရေ (ကျား၊မ)၊အမျိုးအစား (၁။စီးပွားရေးအခြေခံသော အုပ်စု/ ၂။လူမှုရေးအဖွဲ့/ ၃။ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့)၊ လုပ်ဆောင် နေသော လုပ်ငန်းတာဝန်များ၊ အဖွဲ့စွမ်းဆောင်နိုင်မှု အခြေအနေ (ကောင်း/ သင့်/ ညံ့) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ၏ အမည်၊ အမျိုးအစား (၁။**ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)/ **၂။အစိုးရ မဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)/**၃။အရပ်ဘက်လူမှု အဖွဲ့အစည်း/ ၄။ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ/ ၅။ကဏ္ဍ အလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း/ ၆။ပရဟိတအဖွဲ့** (ပြည်တွင်း/ |

| ဆန်းစစ်မည့်အချက်/<br>နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | **ပြည်ပ)/ ၇။ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်လုပ်ငန်းတာဝန်များ။** |
| **စိုက်ပျိုးရေး–သီးနှံ**<br>• သီးနှံတိုးတက်ထုတ်လုပ်ရေးဆိုင်ရာအထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ၊ဖြေရှင်းနည်းများ၊<br>• လယ်သမားများ၏ရည်မှန်းချက်၊ပန်းတိုင်များ။<br><br>**နည်းစနစ်**<br>• ကျေးရွာသယံဇာတပြမြေပုံ၊<br>• လယ်သမားအုပ်စုနှင့် FGD ပြုလုပ်ခြင်း၊<br>• ရှိပြီးသောကိန်းဂဏန်းများနှင့်အချက်အလက်များ။ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• ကျေးရွာတွင်သီးနှံထုတ်လုပ်မှုတိုးတက်နိုင်ရန်ဘာလုပ်လို့ရနိုင်မလဲ၊ဘာကြောင့်ပြောနိုင်တာလဲ။ဘာအခက်အခဲတွေရှိပါသလဲ။<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ထားသော ဇယားများဖြင့် ကောက်ယူရန်</u>**<br>(၁) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဇယား – ၄)<br>ကျေးရွာပိုင် စားကျက်မြေဧရိယာ၊ မြေလွတ်မြေလပ်ဧရိယာ၊ အခြားမစိုက်ပျိုးနိုင်သောမြေဧရိယာဘယ်လောက်ရှိသလဲ။<br>စိုက်ပျိုးမြေ အမျိုးအစားအလိုက် မြေဆီလွှာအရည်အသွေးများ ဘယ်လိုနေပါသလဲ။<br>**(၂) ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ (ဇယား – ၁၄)**<br>• ကျေးရွာ၏စိုက်ပျိုးရေးအတွက်သွင်းရေဘယ်ကရရှိပါသလဲ။<br>• ရေအရင်းအမြစ်အလိုက်ရေသွင်းနိုင်သောဧရိယာများနှင့် ရေရရှိနိုင်မှုအခြေအနေဘယ်လိုရှိပါသလဲ။<br>**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း (ဇယား – ၁၅)**<br>• ကျေးရွာတွင်အဓိကစိုက်ပျိုးသီးနှံများအလိုက်စုစုပေါင်း စိုက်ဧရိယာဘယ်လောက်ရှိပါသလဲ။<br>• စိုက်ပျိုးသီးနှံများအလိုက်အနည်းဆုံးနှင့်အများဆုံးအထွက်နှုန်းများကိုပြောပြပေးပါ။<br>• စိုက်ပျိုးသီးနှံများအလိုက်ဘယ်လမှာစစိုက်ပြီးဘယ်လမှာ ရိတ်သိမ်းပါသလဲ။<br>• စိုက်ပျိုးသီးနှံအလိုက်သွင်းအားစုလိုအပ်ချက်အခြေအနေက |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | ဘယ်လိုရှိပါသလဲ။<br>• စိုက်ပျိုးသီးနှံအလိုက် အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေက ဘယ်လိုရှိပါသလဲ။<br>**(၄) လယ်ယာသုံးစက်ကိရိယာများ (ဇယား – ၁၆)**<br>• စိုက်ပျိုးရေးသုံးစက်ကိရိယာများကိုဘယ်သူပိုင်သလဲ(တစ်ဦးတည်း/ ရွာပိုင်/ အဖွဲ့ပိုင်)<br>• တောင်သူဘယ်နှစ်ဦးကငှားရမ်းအသုံးပြုပါသလဲ။<br>• ငှားရမ်းခဘယ်လောက်ရှိပါသလဲ။တစ်ရက်ကို ဘယ်လောက်ပြီးစီးပါသလဲ။ |
| **မွေးမြူရေးနှင့်ရေလုပ်ငန်း**<br>• ဖွံ့ဖြိုးရေးကိုအလားအလာ ဖြစ်စေသော အခြေအနေကောင်းများ၊ ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ၊ တိရစ္ဆာန်တိုးတက်မွေးမြူနိုင်ရေးအတွက်ဖြေရှင်းရန်နည်းလမ်း၊<br>• တောင်သူများ၏ရည်မှန်းချက်များ။<br>**နည်းစနစ်**<br>• ကျေးရွာသယံဇာတပြမြေပုံ၊<br>• လယ်သမားအုပ်စုနှင့် FGD ပြုလုပ်ခြင်း၊ | <u>**အဓိကဆွေးနွေးရမည့်အကြောင်းအရာ**</u><br>**(ဇယား – ၂၀မှ၂၁)**<br>• ကျေးရွာတွင်တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုတိုးတက်နိုင်ရန်ဘာလုပ်လို့ရနိုင်မလဲ၊ဘာကြောင့်ပြောနိုင်တာလဲ။ဘယ်လိုအခက်အခဲတွေရှိပါသလဲ။<br>• ကျေးရွာတွင်ငါးလုပ်ငန်းတိုးတက်နိုင်ရန်ဘာလုပ်လို့ရနိုင်မလဲ၊ဘာကြောင့်ပြောနိုင်တာလဲ။ဘယ်လိုအခက်အခဲတွေရှိပါသလဲ။<br>• ဒီပြဿနာများကိုကျော်လွှားနိုင်ရန်အတွက်ဘာလုပ်နိုင်မလဲ။ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| • ရှိပြီးသော ကိန်းဂဏန်းများနှင့်အချက်အလက်များ၊ | |
| **စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**<br>• ကျေးရွာလူထုအတွက် စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ဆောင်မှုများတိုးတက်ရန်အတွက် အခြေအနေကောင်းများ၊ အဟန့်အတားများ၊ရည်မှန်းချက်များ၊<br>**နည်းစနစ်**<br>• စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စုနှင့်FGDပြုလုပ်ခြင်း | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>**(ဇယား – ၂၂၊၂၃)**<br>• ၎င်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအထောက်ပံ့ဖြစ်စေမည့် အချက်တွေကဘာတွေလဲ။<br>• စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်မှုအတွက်ဘာလုပ်နိုင်မလဲ၊ ဘာကြောင့်လဲ။<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်</u>(ဇယား – ၂၃)**<br>• ကျေးရွာတွင်အများစုလုပ်ကိုင်သည့်စိုက်ပျိုးမွေးမြူရေး မဟုတ်သောအဓိကဝင်ငွေရလုပ်ငန်းများနှင့်ရပ်တည်နိုင်မှု အခြေအနေများက ဘယ်လိုရှိပါသလဲ။<br>• လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခန့်မှန်းထားမည်ကဲ့သို့ရရှိပါသလဲ။ |
| **ရွှေ့ပြောင်းလုပ်သားများ**<br>• **ရွှေ့ပြောင်းလုပ်ကိုင်မှု အခြေအနေ**<br>**နည်းစနစ်**<br>• ရပ်မိရပ်ဖအုပ်စုနှင့် FGD ပြုလုပ်ခြင်း | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>**(ဇယား –၂၅လေ့လာတွေ့ရှိချက်တွင်ရေးသွင်းရန်)**<br>• ရွှေ့ပြောင်းလုပ်သားများရှိခြင်းကြောင့်ကျေးရွာအားမည့်သည့်သက်ရောက်မှုများဖြစ်ပါသလဲ၊ရွှေ့ပြောင်းလုပ်သားများကိုယ်တိုင်၌ရောမည်သည့် အန္တရာယ်/ အခက်အခဲများ ရင်ဆိုင်နေရပါသလဲ၊ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| **ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာဈေးကွက်**<br>• ဈေးကွက်ဖွံ့ဖြိုးရေးအတွက်အကြောင်းကိစ္စအခြေအနေကောင်းများနှင့်ဖြစ်နိုင်သောဖြေရှင်းနည်းများ၊<br>**နည်းစနစ်**<br>• စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စုနှင့်FGDပြုလုပ်ခြင်း၊ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>**(ဇယား – ၂၇)**<br>• အနီးဆုံးဈေးကဘယ်နေရာမှာရှိသလဲ။<br>• အဲဒီမှာဘာကုန်စည်ကိုဝယ်နိုင်/ရောင်းနိုင်သလဲ။<br>• အဲဒီဈေးကိုအဓိကပို့ဆောင်ပေးသောလမ်းကဘာလဲ။<br>• အခြားပို၍ကြီးသောဈေးဆိုရင်ဘယ်ဈေးမှာရောင်းဝယ်မှုပြုပါသလဲ။<br>• အဲဒီမှာဘာကုန်စည်နှင့်ဝန်ဆောင်မှုများကိုရောင်းနိုင်သလဲ။<br>• အဲဒီမှာရောင်းချခြင်းဖြင့်ဈေးကောင်းပိုပြီးရရှိနိုင်ပါသလား။<br>• ဘာတွေကွာခြားမှုရှိသလဲ။ |
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများရရှိနိုင်မှု**<br>• ချေးငွေရရှိနိုင်မှုအခြေအနေ၊<br>• ကြုံတွေ့နေရသောအခက်အခဲများ၊<br>**နည်းစနစ်**<br>• လယ်သမားအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စုနှင့် FGDပြုလုပ်ခြင်း | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• ချေးငွေလိုအပ်ချိန်တွင်ထိုက်သင့်သည့်အတိုးနှုန်းဖြင့် (ပြင်ပပျှမ်းမျှအတိုးနှုန်း) ချေးငွေရရှိရန်ဘယ်လိုအခက်အခဲတွေရှိပါသလဲ။ဘာတွေလုပ်ဆောင်ဖို့လိုပါသလဲ။<br><br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်လက်များကိုဇယားများဖြင့်ကောက်ယူရန်</u>(ဇယား – ၂၈)**<br>• ဘယ်လိုနေရာမှာချေးငွေရရှိနိုင်ပါသလဲ။ (အစိုးရချေးငွေ၊ ပုဂ္ဂလိကချေးငွေ၊ ငွေစုငွေချေး၊စသည်ဖြင့် ဖော်ပြရန်)၊<br>• ချေးငွေရရှိမှုနေရာအလိုက် အပေါင်ခံပစ္စည်းလိုအပ်မှု အခြေအနေ၊ ပြန်လည်ပေးဆပ်ရမည့် ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များက ဘယ်လိုပါလဲ။ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | |
| **ပညာရေးအခြေအနေများ နှင့်ဝန်ဆောင်မှုများ**<br><br>• ပညာရေးဆိုင်ရာအရေး ကြီးကိစ္စများ၊ ဖြေရှင်း နည်းများနှင့် ရည်မှန်း ချက်များ၊<br><br>**နည်းစနစ်**<br><br>• ကျေးရွာသယံဇာတပြ မြေပုံ၊<br>• မိဘဆရာအသင်း၊ ရပ်မိ ရပ်ဖအုပ်စုတို့ဖြင့် FGD ပြုလုပ်ခြင်း၊<br>• ရှိပြီးသောကိန်းဂဏန်း များနှင့် အချက်အလက် များ၊ | <u>**အဓိကဆွေးနွေးရမည့်အကြောင်းအရာ**</u><br><br>• ပညာရေးအခြေအနေတိုးတက်ဖို့ဘာတွေလုပ်ဆောင်ဖို့ လိုအပ်ပါသလဲ။<br><br><u>**ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်**</u> **(ဇယား - ၃၂ မှ ၃၃)**<br><br>• စာသင်ကျောင်းဆောင်များအရွယ်အစား (အလျား၊ အနံ၊ အမြင့်) နှင့်အမိုး၊ နံရံ၊ အခင်းအရည်အသွေး၊<br>• စာသင်ကျောင်းအတွက်သောက်သုံးရေရရှိသည့်နေရာ၊<br>• ကျောင်းအိမ်သာနှင့်ကျောင်းပရိဘောဂများလုံလောက်မှု အခြေအနေ၊<br>• ကျောင်းရှိဆရာ/ဆရာမဦးရေ (အစိုးရခန့် / အရပ်ခန့်)၊<br>• ကျေးရွာ၏ပညာရေးတိုးတက်လာစေရန်အတွက်အခက်အခဲ များနှင့် (ရှိလျှင်)ဖြစ်စေသောအကြောင်းအရာများက ဘယ်လို ရှိပါသလဲ၊<br>• တပည့် - ဆရာအချိုး (မူလတန်း/ အလယ်တန်း/ အထက် တန်း)၊<br>• မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်များရှိပါ သလား။<br>• ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာဆိုင်ရာလိုအပ်မှု အခြေအနေ၊<br>• ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ်မတတ်နိုင်မှု အခြေအနေ၊<br>• ကျောင်းသူ/သားများအားကစားပစ္စည်းများသုံးစွဲနိုင်မှု အခြေ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | အနေ၊<br>• ကျေးရွာရှိမိဘဆရာအသင်း၏ အခန်းကဏ္ဍနှင့် ပူးပေါင်းလုပ်ဆောင်မှု။ |
| **ကျန်းမာရေးအခြေအနေများနှင့်ဝန်ဆောင်မှုများ**<br>• ကျန်းမာရေးဆိုင်ရာ အရေးကြီးကိစ္စများ၊ ဖြေရှင်းနည်းများနှင့် ရည်မှန်းချက်များ<br>**နည်းစနစ်**<br>• ကျေးရွာသယံဇာတပြမြေပုံ၊<br>• အမျိုးသမီးအုပ်စုဖြင့် FGD ပြုလုပ်ခြင်း၊<br>• ရှိပြီးသောကိန်းဂဏန်းများနှင့်အချက်အလက်များ။ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• ကျေးရွာ၏အဓိကအဖြစ်များသောရောဂါတွေကဘာတွေလဲ၊ ဘယ်လိုဖြေရှင်းနေကြလဲ၊ပိုကောင်းအောင်ဘာတွေလုပ်မလဲ၊<br>• လာမယ့်အနာဂတ်မှာကျေးရွာရဲ့ **ကျန်းမာရေးကဏ္ဍ** တိုးတက်လာမှုကိုဘယ်လိုမြင်လိုပါသလဲ။<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကိုဇယားများဖြင့်ကောက်ယူရန်</u>**<br>(၁) ရောဂါဖြစ်ပွားမှု(ဇယား – ၃၄)<br>• ကျေးရွာအတွင်းရာသီအလိုက်အဖြစ်များသောရောဂါများက ဘာတွေဖြစ်ပါသလဲ။<br>• ဖြစ်ပွားသောရောဂါများ၏ဖြစ်ပွားမှုအခြေအနေ(မြင့်/နိမ့်/မရှိ) စသည်ဖြင့်ဖော်ပြရန်။<br>• ရောဂါတစ်ခုချင်းအလိုက် မှတ်ချက်များရှိပါက ဆွေးနွေးဖော်ထုတ်ရန်။<br>(၂) ကာကွယ်ဆေးထိုးနှံမှု (ဇယား – ၃၅)၊<br>• လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များရှိပါကမည်သည့်ရောဂါများအတွက်လုပ်ဆောင်ခဲ့ပါသလဲ၊<br>• ကာကွယ်ဆေးထိုးနှံမှုတစ်မျိုးချင်းအလိုက်မှတ်ချက်များရှိပါက ဆွေးနွေးဖော်ထုတ်ရန်၊<br>(၃) ကျန်းမာရေးအထောက်အပံ့များ (ဇယား – ၃၆)၊<br>• ကျေးရွာတွင် မည်သည့်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | အားလက်လှမ်းမီပါသလဲ၊<br>• ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ/တိုက်နယ်ဆေးရုံ/ မြို့ဆေးရုံ စသည်တို့နှင့် ခရီးအကွာအဝေး၊ အသုံးပြုသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းလုံလောက်မှုအခြေအနေ၊<br>• ဆေးရောင်းချသည့်ဆေးဆိုင်ကိုလက်လှမ်းမီမှုအခြေအနေ၊ ဆေးရရှိမှုနှင့်သိုလှောင်မှုအခြေအနေ၊<br>• အခြားသောအကြံပေးလိုမှုများရှိပါကဆွေးနွေးဖော်ထုတ်ရန်၊<br>(၄) သောက်သုံးရေရရှိနိုင်မှု (ဇယား – ၃၇)၊<br>• ဘယ်အချိန်ရေအရှားဆုံးလဲ။ယခုဘယ်လိုဖြေရှင်းပါသလဲ။ ရေဖူလုံအောင်ဘာလုပ်ဖို့လိုမလဲ၊<br>(၅) ပတ်ဝန်းကျင်သန့်ရှင်းရေး (ဇယား – ၃၈)၊<br>• ယင်လုံအိမ်သာမသုံးစွဲသော အိမ်ထောင်စုများရှိလျှင် ဘာကြောင့်မသုံးစွဲတာလဲ၊ ဘာလုပ်ဖို့လိုပါသလဲ။ |
| **ကျား၊မရေးရာဆိုင်ရာ**<br>• ကျား၊မရေးရာဆိုင်ရာ အခြေအနေ၊<br>**နည်းစနစ်**<br>• အမျိုးသမီးအုပ်စုဖြင့် FGD ပြုလုပ်ခြင်း၊ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• အမျိုးသမီးများရပ်ရေးရွာရေးကိစ္စများတွင်ပါဝင်မှုအခြေ အနေ ဘယ်လိုရှိပါသလဲ။ ပိုမိုတိုးတက်ပါဝင်နိုင်လာအောင် ဘာလုပ်ဖို့လိုပါသလဲ။<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်</u>(ဇယား – ၃၉)**<br>• လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းမပျို/ အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများရှိခဲ့ပါသလား။ ရှိခဲ့ပါက မည်ကဲ့သို့ လုပ်ဆောင်ခဲ့ကြပါသနည်း။ |
| **လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်၊ဖုန်းစသောဆက်** | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲတွေကဘာတွေလဲ၊ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| **သွယ်ရေးအဆောက်အဦ အခြေအနေ**<br>• လမ်းပန်းဆက်သွယ်ရေး အခြေအနေ<br>• လျှပ်စစ်မီးရရှိမှု<br>• သတင်း အချက်အလက် ရယူသုံးစွဲမှု<br><br>**နည်းစနစ်**<br>• ကျေးရွာသယံဇာတမြေပုံ၊<br>• လူငယ်အုပ်စု၊ရပ်မိရပ်ဖ အုပ်စုများနှင့်FGD ပြုလုပ်ခြင်း၊ | ဘာတွေအရေးတကြီးဆောင်ရွက်ရမှာလဲ၊<br>• လာမယ့်အနာဂတ်မှာကျေးရွာရဲ့သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်လာမှုကိုဘယ်လိုမြင်လိုပါသလဲ၊<br>• လျှပ်စစ်မီးနှင့်ပတ်သက်၍ကြုံတွေ့နေရသည့်အခက်အခဲများနှင့် တိုးတက်လာစေရန် ဆောင်ရွက်ရမည့်ကိစ္စများ၊<br>• သတင်းအချက်အလက်ရယူသုံးစွဲမှုနှင့် ပတ်သက်၍ တွေ့ကြုံနေရသောအခက်အခဲများ၊<br><br>**<u>ဆွေးနွေးပိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်</u>**<br><br>**(၁) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး(ဇယား – ၄၀မှ၄၃)**<br>• ကျေးရွာအတွင်းရှိ/ ကျေးရွာသို့/ ကျေးရွာနှင့် ဆက်စပ် နေသော လမ်းအမျိုးအစား၊ လမ်းအခြေအနေ၊ တည်ဆောက်ခဲ့သောနှစ်နှင့်အသုံးပြုနိုင်မှုများ၊ လမ်းအရှည်တို့ကို ကောက်ယူရန်။<br>• ကျေးရွာအတွင်းရှိ/ကျေးရွာနှင့်ဆက်စပ်နေသောတံတားများ၏ အမျိုးအစား၊ တံတားအရွယ်အစား၊ တံတားအခြေအနေ၊ တည်ဆောက်ခဲ့သော ခုနှစ်နှင့် အသုံးပြုနိုင်မှုတို့ကို ကောက်ယူရန်။<br>• ကျေးရွာအတွင်း အသုံးပြုနေသော ရေကြောင်းသယ်ယူပို့ဆောင်ရေး အမျိုးအစားများ၊ ခရီးအကွာအဝေး၊ သုံးစွဲသည့် ယာဉ်အမျိုးအစားနှင့် ယာဉ်စီးခ၊ ငှားရမ်းခ၊ အသုံးပြုနိုင်မှု တို့ကို ကောက်ယူရန်၊<br>• ယာဉ်အမျိုးအစားအလိုက်ယာဉ်စီးခ၊ငှားရမ်းခအခြေအနေ။<br><br>**(၂) လျှပ်စစ်မီးရရှိမှု (ဇယား – ၄၄)**<br>• ကျေးရွာရှိ အိမ်ထောင်စုများ၏ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
| --- | --- |
| | • သုံးစွဲသည့်အမျိုးအစားအလိုက်ပြုပြင်ထိန်းသိမ်းမှုစနစ်များ အခြေအနေ၊<br>**(၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် (ဇယား – ၄၅)**<br>• ကျေးရွာလူထုမှသတင်းအချက်အလက်လက်လှမ်းမီမှု၊ (ဖုန်း/အင်တာနက်/သတင်းစာ/ဂျာနယ်စသည်ဖြင့် ကောက်ယူရန်၊ |
| **ယဉ်ကျေးမှုနှင့် လူငယ်များ ဖွံ့ဖြိုးရေး၊**<br><br>**နည်းစနစ်**<br>• လူငယ်အုပ်စု၊ရပ်မိရပ်ဖ အုပ်စုများနှင့်FGD ပြုလုပ်ခြင်း၊ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• လူငယ်များအချိန်ပိုတွေကိုဘယ်လိုအသုံးပြုနေကြပါသလဲ၊<br>• လူငယ်များဖွံ့ဖြိုးတိုးတက်ဖို့ဘာတွေလုပ်ဖို့လိုပါသလဲ။<br><br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်</u>(ဇယား – ၄၆)**<br>• လူငယ်တွေကကော ကျေးရွာရဲ့ ဘယ်လိုအပိုင်းတွေမှာ ပါဝင်လုပ်ကိုင်ကြပါသလဲ။ (ဘာသာရေး၊သာရေးနာရေး၊လူမှုရေး၊ခေါင်းဆောင်မှု၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး၊ကျေးရွာဖွံ့ဖြိုးရေးစသည် ဖြင့်)၊<br>• လူငယ်များအတွက်အပန်းဖြေမယ့်နေရာတွေရှိပါသလား။<br>• လူငယ်များအတွက်အားကစားလှုပ်ရှားမှုအစီအစဉ်များ နှင့် အားကစားကွင်း၊ အားကစားပစ္စည်း လက်လှမ်းမီမှု အခြေအနေ၊<br>• လူငယ်များအတွက် သတင်းအချက်အလက်၊ ဗဟုသုတ လက်လှမ်းမီမှု (အင်တာနက်၊စာကြည့်တိုက်စသည်ဖြင့်)၊<br>• လူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းလက်လှမ်းမီမှု အခြေအနေ။ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| **ထိခိုက်လွယ်မှု၊ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**<br>• ထိခိုက်သက်ရောက်မှု အခြေအနေ၊<br>• ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု အခြေအနေ<br>**နည်းစနစ်**<br>• ရပ်မိရပ်ဖအုပ်စုနှင့် FGD ပြုလုပ်ခြင်း၊ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• ကျေးရွာအားအဓိကထိခိုက်သက်ရောက်မှုတွေကဘာတွေလဲ၊ ဘယ်လို/ဘယ်လောက်ထိခိုက်လေ့ရှိပါသလဲ၊<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်အလက်များကို ဇယားများဖြင့်ကောက်ယူရန်</u>**<br>**(၁) ထိခိုက်လွယ်မှု (ဇယား – ၈)**<br>• မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖိုဝနှစ်နှင့်အထက် ကျား/မ ဘယ်လောက်ရှိပါသလဲ။ လက်ရှိဘယ်လိုရပ်တည်နေပါသလဲ။ မည်သည့် အကူအညီများ ရရှိပါသလဲ၊<br>• မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသူများ ကျား/မဘယ်လောက်ရှိပါသလဲ။ လက်ရှိဘယ်လိုရပ်တည်နေပါသလဲ။ မည်သည့်အကူအညီများရရှိပါသလဲ၊<br>• အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသောအိမ်ထောင်စုအရေအတွက်ဘယ်လောက်ရှိပါသလဲ၊<br>• မုဆိုးဖို/တစ်ခုလပ်ရှိသည့်ဆင်းရဲသောအိမ်ထောင်စုအရေအတွက်ဘယ်လောက်ရှိပါသလဲ၊<br>• အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်သည့်ဆင်းရဲသည့်အိမ်ထောင်စုအရေအတွက်ဘယ်လောက်ရှိပါသလဲ၊<br>**(၂) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု (ဇယား – ၂၉)**<br>• ကျေးရွာအတွက်အရေးကြီးသည့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာကိစ္စများက (တောတောင်ရေမြေ၊ဖျက်ပိုးနှင့်ရောဂါ၊သဘာဝတိရစ္ဆာန်များ၊စွန့်ပစ်ပစ္စည်းစသည်ဖြင့်)၊ထိခိုက်မှုများလျော့နည်းလာရေးအတွက် |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ (Key Questions) |
|---|---|
| | လက်ရှိ ဆောင်ရွက်မှုများ။ |
| **ပြည်သူများ၏ဘေးကင်း လုံခြုံ စိတ်ချရမှု**<br>• လုံခြုံရေးဆိုင်ရာဝန် ဆောင်မှုအခြေအနေ၊<br>• မှုခင်းဖြစ်ပွားမှု အခြေအနေ၊<br>**နည်းစနစ်**<br>• ရပ်မိရပ်ဖအုပ်စုနှင့်FGD ပြုလုပ်ခြင်း၊ | **<u>အဓိကဆွေးနွေးရမည့်အကြောင်းအရာ</u>**<br>• လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုရရှိသည့်အခြေအနေကဘယ်လိုပါလဲ၊<br>• ကျေးရွာမှာဘယ်လိုမှုခင်းတွေဖြစ်လေ့ရှိပါသလဲ၊<br>**<u>ဆွေးနွေးဝိုင်းအပြီးတွင်အောက်ပါသတင်းအချက်လက်များ ကောက်ယူရန်</u>**<br>**(၁) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများ (ဇယား - ၄၇)**<br>• ကျေးရွာတွင်ဖုန်းစသည့်ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦများအား လက်လှမ်းမီမှုအခြေအနေ၊<br>• ကျေးရွာတွင်ရရှိနိုင်သောအာမခံအမျိုးအစားများ။<br>• ကျေးရွာအတွင်းလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များပြင်ဆင်ထားရှိမှု၊<br>**(၂) မှုခင်းဖြစ်ပွားမှု (ဇယား - ၄၈)**<br>• ကျေးရွာတွင်ဘယ်လိုမှုခင်းမျိုးအဖြစ်များပါသလဲ။ (ခိုက်ရန်ဖြစ်မှု၊ခိုးမှု၊လူကုန်ကူးမှု၊မူးယစ်ဆေးသုံးစွဲမှုစသည်ဖြင့်)၊ |

(၉) **အဆင့်(၉) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များကို ဦးစားပေး သတ်မှတ်ခြင်း။** FGD မှ ရရှိသော သတင်းအချက်အလက်များကို ဆန်းစစ်သုံးသပ်၍ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာဇယား ရေးဆွဲရပါမည်။ ၄င်းဇယားတွင် ကျေးရွာလူထုအား ထိခိုက်နေသည့် ပြဿနာများ၊ ၎င်းပြဿနာများ ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းဇစ်မြစ်များ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ၊ စသည်တို့မှသည် ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းနှင့် ဆောင်ရွက်ရမည့် စီမံချက်များ အထိပါဝင်သည်။ ၎င်းဇယားမှ စီမံချက်များကို ကျေးရွာသူ/ ကျေးရွာသားများက Preference Ranking (နှစ်သက်လိုလားမှုကိုအခြေခံ၍ အဆင့်ခွဲခြားခြင်းနည်း) ကို အသုံးပြု၍ စီမံချက်အား ဦးစားပေးအဆင့် သတ်မှတ်နိုင်ပါသည်။ ဦးစားပေး

အဆင့် သတ်မှတ်ရာတွင် အလွှာပေါင်းစုံ ကိုယ်စားပြုပါဝင်သော အကဲဖြတ်အမှတ်ပေးသူ key informant (၇ – ၁၀) ဦးခန့် ရွေးချယ် ဆောင်ရွက်ရပါမည်။

**ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း**

| စီမံချက် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |

(၁၀) **အဆင့်(၁၀) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရေးအစီအစဉ်။** ဦးစားပေးအဆင့်ခွဲခြားပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များစာရင်းကို စီမံကိန်းရေးဆွဲသူက ရှင်းလင်းတင်ပြရန်ဖြစ်ပါသည်။ ဦးစားပေးအဆင့် သတ်မှတ်ပြီးသောအခါ စီမံချက်အလိုက် လုပ်ဆောင်မည့်ခုနှစ်၊ ခန့်မှန်းကုန်ကျစရိတ်စသည်တို့ကို ဆွေးနွေး ရပါမည်။ ဆောင်ရွက်မည့် စီမံချက်များတွင် ရန်ပုံငွေအား စနစ်တကျ မှန်ကန်စွာ ခွဲဝေသုံးစွဲနိုင်မှသာ ထိရောက်မှုရှိပါမည်။

(၁၁) **အဆင့်(၁၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းစာအုပ် ရေးသားခြင်း။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ပီအာအေရ်ဖြင့် ကောက်ယူခြင်းအပြင် တစ်ဆင့်ခံ နေရာများမှလည်း ကောက်ယူပါမည်။ ၎င်းကောက်ယူပြီးသော ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ တည်ဆောက်ထားသည့် ဇယားငှစခုတွင် ထည့်သွင်း၍ သုံးသပ်လိုက်သောအခါ ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးအခြေအနေများအား မြင်လာပါလိမ့်မည်။ ၎င်းအမြင်များကို အောက်ပါခေါင်းစဉ်ခွဲများဖြင့် ဖော်ပြရပါမည်–

- ကျေးရွာ၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊
- ကျေးရွာလူထု၏ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ၊
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည့် အလားအလာကောင်းများ၊
- အခက်အခဲနှင့်ပြဿနာများ၊ ရင်ဆိုင်ကျော်လွှားရမည့် အတားအဆီးများ၊
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဗျူဟာ၊
- ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ဖွံ့ဖြိုးရေး ဗျူဟာများဆောင်ရွက်ရန်အတွက် လိုအပ်သော မူဝါဒနှင့် စီမံကိန်း အကူအညီများ၊
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများနှင့် အကောင်အထည်ဖော်ရေးကာလ၊
- ဘတ်ဂျက်နှင့် ငွေကြေးထည့်ဝင်ရေးအစီအစဉ်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် ရေးဆွဲရသည့်အကြောင်းအရင်း**

၉။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစာအုပ် ရေးဆွဲရသည့် အကြောင်းအရင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ ရှာဖွေရာ၌ ပြင်ပအဖွဲ့များနှင့် ဆွေးနွေးရာတွင် ခိုင်မာသော စနစ်ကျသော အစီအစဉ် အကိုးအကားအဖြစ် အသုံးဝင်မည်။

(ခ) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား စနစ်တကျစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် စီမံကိန်းစာအုပ်က လမ်းညွှန်လက်စွဲအဖြစ် အသုံးဝင်မည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်အား အခြေခံပြီး မြို့နယ်အဆင့် အဖွဲ့အစည်းများက ၎င်းတို့၏ ဦးစားပေးအစီအစဉ်များကို ကျေးရွာသို့ ရောက်ရှိရေး ဆောင်ရွက်နိုင်ကြမည်။

(ဃ) ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်အား လေ့လာ၍ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ကျေးရွာများအတွက် တိုးတက်ဆောင်ရွက်လာနိုင်ကြမည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်ရေးသားနည်း**

၁၀။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် ရေးသားရာတွင် အောက်ဖော်ပြပါ ဇယားများအပေါ် ကိုးကား၍ ရေးသားနိုင်ပါသည်-

| ခေါင်းစဉ် | ဖော်ပြမည့်အဓိကအချက်များ |
|---|---|
| • ကျေးရွာ၏တည်နေရာ၊ ပထဝီဝင် အနေအထားနှင့် သဘာဝ အရင်း အမြစ်များ | • မြို့၊ လမ်းမ စသည်တို့မှ အကွာအဝေး၊<br>• ကျေးရွာပတ်ဝန်းကျင် ရှိ ရေမြေ၊ တော၊ တောင်အနေ အထားစသည်တို့နှင့် ပတ်သက်သော ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကကျသည့်အချက်များ ၊ |
| **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | |
| • လူဦးရေဆိုင်ရာ အချက်အလက် များ | • အလုပ်လုပ်ကိုင်နိုင်သော အရွယ်လူဦးရေ၊ မှီခို လူဦးရေ၊<br>• တစ်အိမ်ထောင် ပျှမ်းမျှ မိသားစုဝင်ဦးရေ စသည့် အဓိကကျသောအချက်များ၊ |
| • စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | • ကျေးရွာလူထုအဓိကမှီခိုနေရသည့်ဝင်ငွေရလမ်းကြောင်း များနှင့် ဝင်ငွေအခြေအနေ၊<br>• ကျေးရွာအိမ်ထောင်စုများ၏ ဆင်းရဲချမ်းသာ အဆင့် အလိုက် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခြေအနေ၊ ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်နှင့် အရေးဆိုခွင့်များ၊ |
| • ကျန်းမာရေးနှင့် အာဟာရ | • ကျေးရွာလူထုအတွင်း အဓိကအဖြစ်များနေသည့် အဖျား အနာရောဂါများနှင့် ယင်းတို့ ဖြစ်ပွားရသည့် အကြောင်း အရင်းများ ၊ |
| • ပညာရေးနှင့် ကျွမ်းကျင်မှုများ | • ကျေးရွာ၏ ပညာတတ်မြောက်မှုအား မူလတန်း ပညာ ပြီးမြောက်မှုနှုန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ဘွဲ့ရနှုန်း စသည်တို့နှင့် ရိုးရာလက်မှုပညာ တတ်ကျွမ်း |

| ခေါင်းစဉ် | ဖော်ပြမည့်အဓိကအချက်များ |
|---|---|
| | မှု၊ အခြား အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှု များ၊ |
| • ကျား-မ ဆိုင်ရာ ဆက်နွယ်မှု | • ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများပါဝင်နိုင်မှု အခွင့်အရေး၊<br>• ပညာရေးသင်ကြားမှု၊ အလုပ်အကိုင်စသည်တို့ ဆိုင်ရာ အမျိုးသမီး အခွင့်အရေးများ၊<br>• အခြား အမျိုးသမီးအခွင့်အရေးဆိုင်ရာကိစ္စများ။ |
| **ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** | |
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံဆောင်ရွက်မှု စနစ်၊<br>• သီးနှံ၊ သားငါး ထုတ်လုပ်ရေး ၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ | • ကျေးရွာအခြေပြု/ ပြင်ပ အဖွဲ့အစည်းများ အကြား ဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်လုပ်ဆောင်မှု အခြေအနေ၊<br>• ပိုင်ဆိုင်မှု အခြေအနေ ၊ အထွက်နှုန်း၊ ဖွံ့ဖြိုးရေး အတွက် အခြေအနေ၊ဈေးကွက်အခြေအနေ၊ |
| • အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ် စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး၊ | • လူမှုအခြေခံအဆောက်အဦများတည်ရှိနေမှုနှင့် အသုံးပြုနေမှုအခြေအနေ (ကျောင်း၊ ဆေးရုံဆေးခန်း၊ လမ်း တံတား၊ ဈေး စသည် အသုံးပြုနေသည့် အခြေအနေ) |
| • ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | • ဝန်ဆောင်မှုများရရှိမှုအခြေအနေ ၊ |
| • လူငယ်နှင့် ယဉ်ကျေးမှု၊<br>• ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် များဆိုင်ရာ စီမံခန့်ခွဲမှု<br>• ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | • လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအမံများစသည်၊<br>• ကျေးရွာဖွံ့ဖြိုးရေးအတွက် ကဏ္ဍာအသီးသီးတွင် တည်ရှိနေသည့် အခြေအနေကောင်းများ၊ ပြဿနာများ စသည်တို့ကို သုံးသပ်ဖော်ပြရန်၊ |
| • ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အတွက် အခြေအနေကောင်းများ | • ကျေးရွာဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်စရာ အခြေအနေ ကောင်းများ၊ ၄င်းအခြေအနေကောင်းများ ရှိနေပါလျက် |

| ခေါင်းစဉ် | ဖော်ပြမည့်အဓိကအချက်များ |
| --- | --- |
| နှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ကျေးရွာလူထုက အသုံးမချနိုင်ရသည့် အကြောင်းအရင်းများ (အတားအဆီး)၊ |
| • ဦးစားပေး စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ | • ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များ၊ စီမံချက်တစ်ခုချင်းစီတွင် ပါဝင်မည့် လုပ်ငန်းများ၊<br>• စီမံချက်များအား နှစ်အလိုက် အကောင်အထည်ဖော်မည့် အစီအစဉ်၊ |

**မှတ်ချက်။ ကျေးရွာများမှ ထွက်ရှိသည့် စီမံချက်များအား (၅) နှစ် လျာထားသတ်မှတ်ပြီး ဖြစ်သော်လည်း ဖြစ်နိုင်ပါက စီမံချက်များအား နှစ်စဉ် update ပြုလုပ်သင့်ပါသည်။ သို့မှသာ ကျေးရွာများသို့ စီမံကိန်းများ ဝင်ရောက်သည့်အခါ အဆင်ပြေနိုင်မည် ဖြစ်ပါသည်။**

**ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ၊ ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

၁၁။ **ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာနှင့် ဖြစ်နိုင်ဖွယ်ရာများကို အောက်ဖော်ပြပါအတိုင်း အကဲဖြတ်ဆန်းစစ်ဖော်ထုတ်ထားပါသည်။ ဤသတင်းအချက်အလက်၊ ထိုးထွင်းသိမြင်မှုစိတ်ကူး အရင်းအမြစ်များကို (က) မှီငြမ်းစာရွက်စာတမ်းအထောက်အထားများ၊ (ခ) ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ (ဂ) ကျေးရွာသူ/ သားများနှင့် အတူ ဆွေးနွေးဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်တွင် ကျေးရွာလူထု၊ အုပ်စုများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် ရရှိနိုင်ပါသည်။ အောက်ဖော်ပြပါဇယားဖြင့် ကိုးကားသုံးသပ်ရပါမည်-

| ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
| --- | --- |
| သဘာဝအရင်းအမြစ်များ | • စိုက်ပျိုးမြေ- အရေအတွက်နှင့်အရည်အသွေး၊<br>• ငါးထုတ်လုပ်မှုဆိုင်ရာအရင်းအမြစ်- ကုန်းတွင်းနှင့်ပင်လယ်ကမ်းနီး၊ကမ်းဝေး၊<br>• သစ်တောဆိုင်ရာအရင်းအမြစ်၊ |

| ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| | • ရေအရင်းအမြစ်၊<br>• ဇီဝမျိုးကွဲကြွယ်ဝမှု၊<br>• သဘာဝကိုအခြေခံသောခရီးသွားလုပ်ငန်း၊<br>• မြေပေါ်မြေအောက်သယံဇာတ– အဖိုးတန်ကျောက်မျက်၊သတ္တု၊ကျောက်မီးသွေး၊ နှမ်းဖတ်၊<br>• ကျောက်၊သဲနှင့်လမ်းခင်းကျောက်၊<br>• လောင်စာဆီနှင့်ဓာတ်ငွေ့၊<br>• ရာသီဥတုအခြေအနေပေးမှု၊ |
| နေရာဒေသအားဖြင့် အချက်အချာကျမှု | • အနီးအနားဒေသတဝိုက်စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုး တိုးတက်မှုနှင့်ကြီးပွားလာမှု၊<br>• လမ်းပန်းဆက်သွယ်ရေးအရအချက်အခြာကျမှု၊ |
| တည်ငြိမ်အေးချမ်းမှု | • တရားဥပဒေစိုးမိုးမှု၊<br>• ပဋိပက္ခကြီးကြီးမားမားမရှိခြင်း၊<br>• ရာဇဝတ်မှုမရှိခြင်း၊ – လုယက်မှု၊ ခိုးပြမှု၊ ကြီးကြီးမားမားမရှိခြင်း၊<br>• အချင်းချင်းသဟဇာတဖြစ်ခြင်း၊လူမျိုးစုပဋိပက္ခမရှိခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊<br>• လူမှုရေးအုပ်စုများအကြားလေးစားချစ်ကြည်မှု၊ |
| ရိုးရာနှင့်ယဉ်ကျေးမှု | • ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊<br>• စိတ်ဝင်စားဖွယ်သမိုင်းအစဉ်အလာကြီးမှု၊<br>• သမိုင်းစိတ်ဝင်စားမှုထက်သန်ခြင်း၊ |

| ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| ပညာတတ်နှင့်ကျွမ်းကျင်လုပ်သားများ | • ကျွမ်းကျင်လုပ်သား၊<br>• ပညာတတ်လူငယ်များ၊ |
| လူဦးရေ | • စီးပွားရေးဖွံ့ဖြိုးရန်အတွက်အထိုက်အလျောက်လူဦးရေများသည့်ရွာဖြစ်ခြင်း၊<br>• လူငယ်ဦးရေများခြင်း၊ |
| ကျေးလက်လူထုနှင့်လူမှုအဖွဲ့အစည်းများကြားထဲတွင်တည်ရှိသောလူမှုရေးဆိုင်ရာအရင်းအနှီး(Social capital) | • ရိုးရာအစဉ်အလာနှင့်ညီညွတ်မှုကိုအခြေခံသည့်အချင်းချင်းရိုင်းပင်းပံပိုးကူညီမှုစနစ်ရှိခြင်း၊<br>• ကျေးရွာအဆင့်ဆိုင်ရာအလုပ်အကိုင်ကူညီသည့်အစုအဖွဲ့၊<br>• ဒေသအာဏာပိုင်၊ပုဂ္ဂလိကကဏ္ဍနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့များနှင့်အားကောင်းသောချိတ်ဆက်ထားရှိမှု၊ |
| တည်ငြိမ်ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ် | • ဒီမိုကရေစီကျင့်စဉ်အရသုံးသပ်ဆုံးဖြတ်စီမံအုပ်ချုပ်မှု စနစ်၊<br>• ဦးဆောင်ဦးရွက်ပြုနိုင်သည့်အရည်အချင်းပြည့်ဝသည့်ခေါင်းဆောင်မှု၊ကျေးရွာရှိအမျိုးမျိုးသောအဖွဲ့များကိုတစ်သားတည်းဖြစ်အောင်ပေါင်းစည်းစေနိုင်စွမ်းရှိမှု၊<br>• တရားဥပဒေစိုးမိုးမှု ၊<br>-ဥပဒေနှင့် ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊<br>• အကျင့်ပျက်ခြစားမှုကင်းစင်ခြင်း၊<br>• တရားဥပဒေစိုးမိုးရေးနှင့်အခြေကျဖွံ့ဖြိုးပြီးဖြစ်သော တရားစီရင်ရေးစနစ်ရှိခြင်း၊ |
| အခြေခံအဆောက်အဦကောင်းများတည်ရှိမှု | • လမ်းမ၊လမ်းသွယ်၊ဆိပ်ခံတံတား၊တံတား၊ပို့ဆောင်ရေးဝန်ဆောင်မှု၊<br>• ပညာရေးနှင့်ပတ်သက်သောအဆောက်အအုံ၊ |

| ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| | • ကျန်းမာရေးနှင့်ပတ်သက်သောအဆောက်အအုံ၊<br>• သင့်တင့်လျောက်ပတ်သောကျေးလက်လူထု အဆောက်အအုံ၊ |
| ဆက်သွယ်ရေးအဆောက်အအုံ ကောင်းများတည်ရှိမှု | • မိုဘိုင်းဖုန်းကွန်ယက်နှင့်လက်လှမ်းမီခြင်း၊<br>• အင်တာနက်လက်လှမ်းမီခြင်း၊ |
| လျှပ်စစ်စွမ်းအား | • အသေးစားရေအားလျှပ်စစ်၊ဆိုလာ၊လေအားလျှပ်စစ်၊<br>• စွန့်ပစ်ဇီဝအမှိုက်မှလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်း၊<br>• မဟာဓာတ်အားလိုင်းမှလျှပ်စစ်တိုးချဲ့သွယ်တန်းခြင်း၊<br>• အင်ဂျင်မှရသောလျှပ်စစ်၊ |
| ဈေးကွက်ကောင်းလက်လှမ်း မီမှု(ကုန်စည်ပစ္စည်းနှင့် ဝန်ဆောင်မှု များဈေးကွက်) | • ကျေးရွာဈေးနှင့်ဆိုင်သောအခြေခံအဆောက်အဦ၊<br>• ဈေးကွက်သတင်းအချက်အလက်ရရှိမှု၊<br>• ဈေးကွက်နှင့်နီးကပ်မှု၊<br>• ဈေးကွက်ဆိုင်ရာအခြေခံအဆောက်အဦနှင့်သယ်ယူ ပို့ဆောင်ရေးဝန်ဆောင်မှုများအားလက်လှမ်းမီမှု၊ |
| ဘဏ်နှင့်ငွေရေးကြေးရေး ဝန် ဆောင်မှုများအားလက်လှမ်းမီ မှု၊ | • ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားလက်လှမ်းမီမှု၊<br>• အသေးစားချေးငွေများကိုလက်လှမ်းမီမှု၊<br>• ကျေးရွာလူထုမှစီမံဆောင်ရွက်သောငွေစုငွေချေး အတွက် ဖွံ့ဖြိုးရေးရန်ပုံငွေလက်လှမ်းမီမှု၊<br>• ပုံမှန်လည်ပတ်ဆောင်ရွက်နေသောသမဝါယမအသင်းများ |

၁၂။ **ရှင်ဆိုင်ကျော်လွှားရမည့်အဟန့်အတားများ။** ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများကို အထိရောက်ဆုံးအသုံးချနိုင်ရန် ကျော်လွှား ရမည့် အဟန့်အတားများကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤသတင်းအချက်အလက်၊ ထိုးထွင်း

သိမြင်မှု၊ စိတ်ကူးအရင်းအမြစ်များကို (က) မှီငြမ်းစာရွက်စာတမ်း အထောက်အထားများ၊ (ခ) ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ (ဂ) ကျေးရွာသူ/သားများနှင့်အတူ ဆွေးနွေးဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်တွင် ကျေးရွာလူထု၊ အုပ်စုများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့်ရရှိနိုင်ပါသည်။ အောက်ဖော်ပြပါဇယားဖြင့် ကိုးကားသုံးသပ်ရပါမည်-

| ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| သဘာဝ အရင်းအမြစ် လက်လှမ်းမီမှု အကန့်အသတ် | • စိုက်ပျိုးမြေလက်လှမ်းမီမှု - မြေယာလက်ဝယ်ပိုင်ဆိုင် ခွင့်၊ မြေလွတ်မြေလပ်နှင့် အသစ်ဖော်ထုတ်ထားသော စိုက်ပျိုးမြေများအတွက် မရှင်းလင်းသော အထောက်အပံ့ပေးမှု မရှိခြင်း၊ မညီမျှသော မြေယာပိုင်ဆိုင်မှု၊<br>• အရည်အသွေးနိမ့်စိုက်ပျိုးမြေ - လယ်ယာမြေများထဲသို့ ဆားငန်ရေဝင်ရောက်ခြင်း၊ မြေဆီဩဇာနိမ့်သော တောင်စောင်း၊ ကုန်းမြေများ၊<br>• ကုန်းတွင်းပိုင်း ငါးသယံဇာတ လက်လှမ်းမီမှု၊ ငါးဖမ်းလုပ်ငန်းရပိုင်ခွင့် လက်လှမ်းမီမှု အခက်အခဲ၊ ငါးဖမ်းလုပ်ငန်းအား လက်ဝါးကြီးအုပ်ထားခြင်း၊ ငါးလုပ်ငန်းရှင်ကြီးများသည် ငါးလုပ်ငန်းရှင်ငယ်များကို ခြယ်လှယ် အငှားချထားမှု၊<br>• မြေပေါ်မြေအောက်သဘာဝသယံဇာတနှင့်ပတ်သက်၍အကန့်အသတ်များ (သဲ၊ လမ်းခင်းကျောက်၊ အဖိုးတန်ကျောက်၊ သစ်တော၊ ဇီဝမျိုးကွဲ၊ စားကျက်)၊ |
| ဒေသဆိုင်ရာအခက်အခဲ | • အနီးအနားပတ်ဝန်းကျင် စီးပွားရေး နေးကွေးမှု-လက်နက်ကိုင် အငြင်းပွားဖွယ်ရာ ဇုန်နယ်မြေတွင် ဝေးလံခေါင်သီသောဒေသတည်ရှိမှု၊ |
| ရာသီဥတုအခြေအနေမပေးမှု | • မိုးရွာသွန်းမှုနည်းပါးခြင်း၊<br>• မိုးခေါင်သောကာလကြာရှည်မှု၊ |

| **ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ** | **ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ** |
|---|---|
| သဘာဝဘေးအန္တရာယ်<br>ကျရောက်လွယ်သောဒေသ ရုတ်တရက်ရေကြီးမှု၊ဆားငန်ရေဝင်ရောက်မှုဆိုင်ကလုံးမုန်တိုင်း၊လျှော၊ဆားငန်ရေဝင်ရောက်ခြင်းကြောင့် မြေဆီလွှာ အဆင့်အတန်းနိမ့်ကျခြင်း၊ | • ရေကြီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း |
| ဆည်ရေ၊သွင်းရေမရရှိခြင်း | • မိုးရွာသွန်းမှုနည်းပါးခြင်း၊မိုးခေါင်ခြင်း<br>• ရေအရည်အသွေး၊ ဆားငန်ရေဝင်ရောက်ခြင်း<br>• သွင်းရေရရှိနိုင်မှု စွမ်းရည်ကောင်းသောသွင်းရေပံ့ပိုးမှုစနစ် (ဆည်၊ စက်ရေတင်၊ ပိုက်ရေတွင်း၊ လက်ယက်တွင်း စသည်တို့ တည်ဆောက်ခြင်း) |
| နည်းပညာနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမီမှု | • အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ရန်ကူညီမည့် နည်းပညာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများအားလက်လှမ်းမမီမှု၊<br>• စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မြို့နယ် ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ နည်းပညာဆိုင်ရာဝန်ဆောင်မှုများရရှိသော်လည်း အလွယ်တကူ လက်လှမ်းမမီမှု၊ |

| ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| ချေးငွေနှင့်ငွေရေးကြေးရေး ဝန်ဆောင်မှုများအားလက် လှမ်းမီမှု (ငွေချေးလုပ်ငန်း၊အာမခံ လုပ်ငန်းကဲ့သို့သော) | • ငွေတိုးချေးစားသူများနှင့်အသေးစားချေးငွေလုပ်ငန်းများ၏ အတိုးနှုန်းမြင့်မားခြင်း<br>• အသေးစားငွေရေးကြေးရေးလုပ်ငန်းများမရှိခြင်း (အသေးစားချေးငွေနှင့်အာမခံ)<br>• စီးပွားရေးနှင့်ဖွံ့ဖြိုးရေးဘဏ်များတွင်ချေးငွေအတွက် အပေါင်ပစ္စည်းများလိုအပ်မှုကိုတင်းကျပ်ထားခြင်း<br>• မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည်ကျေးရွာသို့ နယ်လှည့်ဆောင်ရွက်မှုမရှိခြင်း<br>• စီးပွားရေးနှင့်ဖွံ့ဖြိုးရေးဘဏ်များတွင်ချေးငွေအတွက် စာတမ်းလိုအပ်ချက်ရရှိရန်ဆင်းရဲသားငွေချေးလိုသူများ အတွက်ခက်ခဲခြင်း |
| ဈေးကွက်လက်လှမ်းမီမှုခက်ခဲ ခြင်းနှင့်ဈေးကွက်မဖြစ်ထွန်း ခြင်း | • ကျေးရွာဈေးကွက်အခြေခံအဆောက်အဦ၊နေရာနှင့် သိုလှောင်ရုံများမရှိခြင်း<br>• ကျေးလက်ကုန်ထုတ်လုပ်သူများအတွက်ဈေးကွက်အတက် အကျကြောင့်သင့်တင့်သောဈေးနှုန်းမရရှိခြင်း<br>• လက်ဝါးကြီးအုပ်ထိန်းချုပ်မှုရှိခြင်း၊ တစ်ဦးတည်းထိန်းချုပ် ထားမှုရှိခြင်း၊<br>• ဌာနဆိုင်ရာမှကုန်စည်စီးဆင်းမှုတွင်ကန့်သတ်ခြင်း (ရှိခဲ့လျှင်) |
| ကျေးရွာအဆင့်ဆက်သွယ်ရေး အခြေခံအဆောက်အဦ လုံလောက်မှုမရှိခြင်း | • |
| ပညာရေးအသုံးအဆောင်နှင့် ဝန်ဆောင်မှုများလက်လှမ်းမီမှု | • |

| ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| ကျန်းမာရေးအသုံးအဆောင်နှင့်ဝန်ဆောင်မှုများ လက်လှမ်းမီမှု | • |
| လျှပ်စစ်ဓာတ်အား မလုံလောက်မှု(သို့) လက်လှမ်းမီမှု မရှိခြင်း | • |
| တယ်လီဖုန်းဆက်သွယ်ရေးမရှိခြင်း | • |
| ပြုပြင်ထိန်းသိမ်းမှုအတွက် လုံလောက်သောအစီအစဉ်နှင့် အရင်းအမြစ်မရှိခြင်း | • ကျွမ်းကျင်လုပ်သားများအနေဖြင့်အလုပ်အာမခံချက်ရရှိနိုင်သည့်စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများနှင့်လက်မှုလုပ်ငန်းများ လုံလောက်စွာမဖွံ့ဖြိုးသေးခြင်း<br>• စွန့်ဦးတီထွင်လုပ်ငန်းများဖွံ့ဖြိုးမှုနည်းပါးခြင်း |
| ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ကျေးရွာစီမံကိန်းရေးဆွဲခြင်းများတွင်ကျေးရွာသားများအထူးသဖြင့်ဆင်းရဲသားအိမ်ထောင်စု၊မိန်းကလေးနှင့်အမျိုးသမီးများပူးပေါင်းပါဝင်မှုအားနည်းခြင်း | |

**ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာနှင့်ရည်မှန်းချက်ပန်းတိုင်များ**

၁၃။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများနှင့် အဟန့်အတား၊ စိန်ခေါ်မှုများကို သိမြင်ပြီးနောက် ၎င်းအနေအထားနှင့် ချင့်ချိန်၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို တည်ဆောက်ရပါမည်။ ထို့နောက်ပန်းတိုင်သို့ရောက်အောင် ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများရေးဆွဲရပါမည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာအချို့နှင့် အကောင်အထည်ဖော်သည့် စီမံကိန်းအချို့ကို နမူနာအဖြစ် အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာ | စီမံကိန်း (ဆောင်ရွက်မည့်နည်းလမ်း) |
|---|---|
| **၁။ လုပ်ငန်းဆောင်ရွက်ရန်အရင်းအနှီးရရှိရန် ဆောင်ရွက်ခြင်း** | • အခြေအနေပေါ်မူတည် ငွေလွှဲပေးခြင်း၊<br>• အသေးစားချေးငွေ၊<br>• ကိုယ့်အားကိုယ်ကိုးကျေးရွာဘဏ်၊<br>• ကျေးရွာလည်ပတ်ရန်ပုံငွေ၊<br>• သွင်းအားစုပံ့ပိုးခြင်း( မျိုး စေ့၊မြေသြဇာ) |
| **၂။ လူနေမှုဘဝတိုးတက်ရေးအတွက် အထောက်အကူပြုမည့်ပိုင်ဆိုင်မှုများ ဖန်တီးပေးခြင်း** | • စွမ်းအင်ပြန်ဖြည့် လျှပ်စစ် မီးပေးရေး၊<br>• သတင်းလွှာ၊ဂျာနယ်၊တယ်လီဖုန်း၊အင်တာနက်စသည့်ဆက်သွယ်ရေးကွန်ယက် ကိရိယာများ၊<br>• ထင်းသက်သာမီးဖိုဖြန့်ဝေခြင်း၊<br>• စပါးဘဏ်၊<br>• ကလေးစောင့်ရှောက်ရေး ဂေဟာ၊<br>• သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊<br>• အစားအသောက်ပြုပြင်ရေး၊<br>• သောက်ရေပေးဝေခြင်းနှင့် ယင်လုံအိမ်သာ ပံ့ပိုးခြင်း၊ |
| **၃။ ဝင်ငွေရလုပ်ငန်းများ** | • ရာသီအလိုက်အလုပ်ဖန်တီး ပေးခြင်း၊<br>• ရိုးရာအထည်ယက်လုပ်ခြင်း၊<br>• လက်မှုပစ္စည်းထုတ်လုပ်ခြင်း<br>• စိုက်ပျိုးရေးနှင့်မပတ်သက်သောလုပ်ငန်း(ဆံပင်ညှပ်၊ စက်ပြင်)၊<br>• သစ်မဟုတ်သောသစ်တောထွက်ပစ္စည်း ထုတ်ယူခြင်း၊<br>• တစ်နိုင်တစ်ပိုင်မွေးမြူခြင်း၊<br>• ဘက်စုံဥယျာဉ်တည်ထောင်ခြင်း။ |
| **၄။ လူမှုစီးပွားရေးတိုးတက်ရေးအတွက် အဆောက်အဦဆိုင်ရာပံ့ပိုးခြင်း** | • ကျေးရွာလမ်း၊ တံတား ဆောက်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း၊<br>• မြေယာဖော်ထုတ်ခြင်း၊<br>• စိုက်ပျိုးရေးအတွက် အသေးစား ဆည် |

| ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာ | စီမံကိန်း (ဆောင်ရွက်မည့်နည်းလမ်း) |
|---|---|
| | မြောင်းများ၊<br>• ရေဝေ၊ရေလဲထိန်းသိမ်းခြင်း၊<br>• ကျောင်းဆောက်ခြင်း၊ ပြုပြင်ခြင်း၊<br>• ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊<br>• လျှပ်စစ်မီး ဖြန့်ဝေခြင်းလုပ်ငန်း၊ (အစိုးရ ဓာတ်အားလိုင်း၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်သုံး)၊<br>• ဘက်စုံသုံးအဆောက်အဦများ၊<br>• ကျေးရွာထုတ်ကုန်သိုလှောင်ရန်၊တန်ဖိုးမြင့် လုပ်ငန်းလုပ်ရန်နေရာ၊<br>• ဈေးဆောက်လုပ်ခြင်း၊ |
| **၅။သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့် ပတ်ဝန်းကျင်မပျက် ထုတ်လုပ်ရေး** | • ကျေးရွာပိုင်သစ်တောစိုက်ခင်းထူထောင် ခြင်း၊<br>• မိသားစုပိုင်သစ်တောစိုက်ခင်း ထူထောင်ခြင်း၊<br>• ကျေးရွာစီမံသည့်လွတ်ကျောင်းကွင်းနှင့် စားကျက်ထူထောင်ခြင်း၊<br>• ရေထွက်နေရာ ထိန်းသိမ်းခြင်းနှင့် နွံတော နေရာထိန်းသိမ်းခြင်း၊<br>• အပင်စုံစိုက်ခင်းများကာကွယ်ခြင်း၊<br>• ကျေးရွာအခြေပြု အမှိုက်သိမ်းစနစ်နှင့် မြေဆွေးပြုလုပ်ခြင်း၊<br>• ကျေးရွာအခြေပြု ငါးသယံဇာတ ထိန်းသိမ်း ခြင်း၊ |
| ၆။ လူထုအင်အားစုစည်းခြင်း၊ ကျွမ်းကျင်မှု တိုးမြှင့်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပတ်ဝန်း ကျင် သဘာဝအန္တရာယ် ကျရောက်ခြင်း တို့ လျော့နည်းစေရန် ခေါင်းဆောင်မှု | • အသက်မွေးမှုကျွမ်းကျင်စေခြင်း၊<br>• ကျေးလက် အခြေပြုအဖွဲ့များ ပေါ်ပေါက် လာပြီး ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု ကျွမ်းကျင် လာစေခြင်း၊ |

| ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာ | စီမံကိန်း (ဆောင်ရွက်မည့်နည်းလမ်း) |
| --- | --- |
| စွမ်းရည်နှင့်လူမှုလုံခြုံရေး ကွန်ယက်အားကောင်းစေခြင်းဖြင့် လူထု၏ရုန်းထနိုင်စွမ်း တိုးတက်စေရေး၊ | • စုဆောင်းငွေနှင့်အာမခံဝန်ဆောင်မှု၊<br>• ကျေးလက်ဒေသတွင် သဘာဝ အန္တရာယ်ကြိုတင်သတိပေးစနစ်ပြင်ဆင်ထားရှိရေး၊<br>• ကျေးလက်အခြေပြုပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကျေးလက်အခြေပြုရိုးရာယဉ်ကျေးမှုဓလေ့ ထိန်းသိမ်းခြင်းနှင့်စာတတ်မြောက်ရေးနှင့်ခေါင်းဆောင်မှု၊ ကျွမ်းကျင်မှု၊<br>• နိုင်ငံသားကောင်းပီသရေး၊ကျား/မဆိုင်ရာတန်းတူညီမျှရေးနှင့်ခေါင်းဆောင်မှု ကျွမ်းကျင်ရေး။ |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

၁၄။ ကျေးရွာလူထုအနေနှင့် ပြင်ပအကူအညီမပါဘဲ မစွမ်းနိုင်သည့် အကြောင်းအရာများ၊ အခက်အခဲများကို ဖော်ထုတ်တင်ပြထားပါသည်။ ထိုကိစ္စများကို ပြည်ထောင်စုအဆင့် အစိုးရက မူဝါဒအရ ဆောင်ရွက်ပေးမှုနှင့် လုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်းတို့ကို ပြုလုပ်ရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်တို့မှလည်း လုပ်ငန်းများ၊ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ပေးမှုများပြုလုပ်ရန် လိုအပ်ပါသည်။ ဤသို့သော မူဝါဒရေးရာနှင့် ပံ့ပိုးမှု လုပ်ငန်းအစီအစဉ်များ ချမှတ်ပေးခြင်းသည် ကျေးရွာအချို့အတွက်သာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်မဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ အမျိုးမျိုးသောလူထု အစုအဖွဲ့များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသကဲ့သို့ ဒေသရေမြေကွာခြားသည့် နေရာအမျိုးမျိုးတို့၏ ဒေသအလိုက် သတ်သတ်မှတ်မှတ် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ပါသည်။

**စီမံကိန်း၊ စီမံချက်များအား အမျိုးအစားခွဲခြား၍ဖော်ပြခြင်း**

၁၅။ စီမံကိန်း၊ စီမံချက်များကို တာဝန်ယူဆောင်ရွက်မှုအခြေခံ၍ အမျိုးအစားခွဲခြားခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံ၍ အမျိုးအစားခွဲခြားခြင်းဟူ၍ နှစ်မျိုးခွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် စီမံချက်များကို ဤသို့စနစ်တကျခွဲခြားဖော်ပြသည့် ရည်ရွယ်ချက်မှာ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်စသည့် အဆင့်အလိုက် စီမံကိန်းများစီမံခန့်ခွဲရာတွင် ထိရောက်လွယ်ကူစေရန် ဖြစ်ပါ

သည်။ တာဝန်ယူဆောင်ရွက်မှုအခြေခံ၍ ခွဲခြားခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် စီမံချက်များ(ကဏ္ဍအလိုက် စီမံကိန်း စီမံချက်များ) ဖြစ်ပါသည်။ အဆိုပါပုံစံဖြင့် ခွဲခြားထားမှုကို အောက် ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည် -

| **၁။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **၂။ လူသားနှင့်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး** | **၃။သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အဦနှင့်ဝန် ဆောင်မှု** |
|---|---|---|
| • မြေယာစီမံခန့်ခွဲခြင်း<br>• သီးနှံများ<br>• မြေဩဇာ၊ပိုးသတ်ဆေး<br>• ဆည်မြောင်း<br>• ငါးလုပ်ငန်း<br>• မွေးမြူရေး<br>• သစ်တော(စီးပွားဖြစ် ရေရှည်မြဲသစ်တော)<br>• သမဝါယမများ<br>• ထုတ်လုပ်ခြင်းနှင့်ကုန်ချော ပြုလုပ်ခြင်း<br>• ကုန်သွယ်<br>• ကျေးလက်အခြေပြု စီးပွားရေးလုပ်ငန်း<br>• အလုပ်အကိုင်ဖန်တီးခြင်း နှင့်စွန့်ဦးတီထွင်မှုဖွံ့ဖြိုးရေး<br>• ဘဏ္ဍာငွေကြေးနှင့်အာမခံ ဆိုင်ရာ<br>• ခရီးသွားလုပ်ငန်း (ပတ်ဝန်းကျင်ထိန်းသိမ်း သည့်ခရီးသွားလုပ်ငန်း)<br>• ဓာတ်သတ္တုများ<br>• ရေနံနှင့်ဓာတ်ငွေ့ | • ကျန်းမာရေး၊အာဟာရ<br>• ရေနှင့်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး<br>• ပညာရေးနှင့်စာတတ် မြောက်မှု<br>• အိမ်ယာနှင့်အဆောက် အဦ<br>• အခြေချနေထိုင်မှု<br>• ရွှေ့ပြောင်းခံလူထုအား ကာကွယ်ခြင်းနှင့် ပြန်လည်နေရာချထား ခြင်း<br>• ယဉ်ကျေးမှုနှင့်အားကစား<br>• လူမှုဆိုင်ရာကာကွယ်ရေး<br>• ကလေးသူငယ်ဖွံ့ဖြိုးရေး<br>• ကလေးသူငယ်ကာကွယ် ရေး<br>• ကျား/မတန်းတူရေးနှင့် အမျိုးသမီးများစွမ်းရည် တက်ရေး | • ကုန်းလမ်းပို့ဆောင်ရေး<br>• တံတား<br>• ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး<br>• လေကြောင်းပို့ဆောင်ရေး<br>**၄။လျှပ်စစ်စွမ်းအား**<br>• ရေအားလျှပ်စစ်စွမ်းအား<br>• ဓာတ်ငွေ့စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ပေးစက်<br>• နေရောင်ခြည်သုံးစွမ်းအင်<br>• လေအားသုံးစွမ်းအင်<br>• ဇီဝပစ္စည်းသုံးစွမ်းအင်<br>• ဒီဇယ်လျှပ်စစ်ဓာတ်အား ပေးစက်<br><br>**၅။ဆက်သွယ်ရေး**<br>• တယ်လီဖုန်းဆက်သွယ်ရေး<br>• ရေဒီယိုဆက်သွယ်ရေး<br>• ဆက်သွယ်ရေးကွန်ယက် |
| **၆။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ** | **၇။ပြည်သူနှင့်ကျေးရွာ အုပ်ချုပ်ရေး** | **၈။အများပြည်သူဘေးကင်း လုံခြုံမှု** |
| • သဘာဝဘေးဒဏ် | • ကျေးရွာရှိအစုအဖွဲ့ | • ဥပဒေစိုးမိုးရေး |

| | | |
|---|---|---|
| လျော့နည်းရေး<br>• ဇီဝမျိုးကွဲကြွယ်ဝမှု<br>• အစုအဖွဲ့ပိုင်သစ်တော<br>• သစ်တောထိန်းသိမ်းခြင်း နှင့် ပြန်လည်ရှင်သန် ကြီးထွားစေခြင်း<br>• မြေဆီလွှာထိန်းသိမ်းခြင်း<br>• ပျိုးဥယျာဉ်တည်ထောင်ခြင်း<br>• စွန့်ပစ်ပစ္စည်းထိန်းသိမ်းခြင်း | • ကျေးရွာလူမှုအင်အားတည်ဆောက်ခြင်း<br>• အောက်ခြေအဆင့်အစီအစဉ်ဆွဲခြင်းနှင့် ဘတ်ဂျက်တွက်ခြင်း ပြည်သူ့လုပ်ငန်းကျေးရွာအဆောက်အဦ | • ရဲလုပ်ငန်း<br>• မီးသတ် |

**ရင်းနှီးမြှုပ်နှံမှုအခြေခံ၍အမျိုးအစားခွဲခြားခြင်း**

၁၆။ ရင်းနှီးမြှုပ်နှံမှုအခြေခံ၍ အမျိုးအစားခွဲခြားရာတွင် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်–

(က) **သာမန်အသုံးစရိတ်။** သာမန်အသုံးစရိတ်တွင် ပါဝင်သည့် အသုံးစရိတ်များမှာ လုပ်ငန်း လည်ပတ်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုအသုံးစရိတ်များ၊ ကျပ်သန်း(၂၀)အောက် ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် နှစ်စဉ်ဖြည့်တင်းနေရမည့် အမျိုးအစားများအတွက် ကုန်ကျစရိတ်တို့ ဖြစ်ပါသည်။

( ခ) **ငွေလုံးငွေရင်းအသုံးစရိတ်။** ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်သည့် အသုံးစရိတ်များမှာ လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်း မြှုပ်နှံလုပ်ကိုင်ရသည့် ကုန်ကျစရိတ်များ၊ (ဥပမာ– စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့် ဆည်မြောင်းများတည်ဆောက်ခြင်း စသည့် တည်ဆောက်ရေးလုပ်ငန်းများ)၊ လက်ရှိရှိပြီး လမ်း၊ အဆောက်အဦ၊ ဆည်မြောင်း စသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကျပ်သန်း(၂၀)အထက် ကုန်ကျစရိတ်များ စသည်တို့ ဖြစ်ပါ သည်။

( ဂ) **ထောက်ပံ့ငွေအသုံးစရိတ်**။ ထောက်ပံ့ငွေတွင် လှူဒါန်းပေးကမ်းခြင်းသို့မဟုတ် ပံ့မှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေ ထည့်သွင်းခြင်းအားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင် ပေးချေသည့်ငွေများ ပါဝင်သည်။ ထောက်ပံ့ငွေတွင် နိုင်ငံတော်မှ ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့ငွေများဟူ၍ (၂)မျိုး ပါဝင်ပါသည်။ နိုင်ငံတော်တို့မှထောက်ပံ့ငွေတွင် နိုင်ငံတော်မူဝါဒအရ ထောက်ပံ့ငွေနှင့် လုပ်ငန်းလိုအပ်ချက်အရ ဌာန၊ အဖွဲ့အစည်းများက တင်ပြတောင်းခံ၍ ပေးရသည့် ထောက်ပံ့ငွေတို့ ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအရ အောက်ဖော်ပြပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည်–

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | |
|---|---|---|---|---|---|
| | | | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံး စရိတ် | ထောက်ပံ့ငွေ အသုံးစရိတ် |
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |

**အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

၁၇။ ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း **ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲ** ပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | | | | | | | |
| ၂ | | | | | | | |

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၃ | | | | | | | |
| ၄ | | | | | | | |
| ၅ | | | | | | | |
| ၆ | | | | | | | |
| ၇ | | | | | | | |
| ၈ | | | | | | | |
| ၉ | | | | | | | |
| ၁၀ | | | | | | | |

# အခန်း(၇)

# ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

## ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရသည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။ ကြီးကြပ်စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ –

(က) စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန်၊

(ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၎င်းတို့၏ အကျိုးရလဒ်များကို ကျွန်ုပ်တို့ ရှင်းလင်းစွာ နားလည်သဘောပေါက်လာစေရန်၊

(ဂ) ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်း ရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊

(ဃ) ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြု နေသော ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ရွေးချယ်ဆောင်ရွက်နိုင်ရန်၊

(င) ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်း များထံမှ လိုအပ်သောဖွံ့ဖြိုးရေးအကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်တို့ ဖြစ်ပါသည်။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင် ကျင့် သုံးသည့်အလျောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွ စွာ အတူပူးပေါင်းပါဝင်လာစေမည့် အဖွဲ့အစည်း စနစ်တစ်ခုကို ကျေးရွာတွင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။

## ကြီးကြပ်စစ်ဆေးခြင်း

၂။ အထူးသဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးပိုင်းဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း

ကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

၃။ အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်ရပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် အခြေခံပါမည် –

(က) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

(၁) စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ၊

(၂) အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊

(၃) ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံချက်များ။

( ခ) **ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

(၁) ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်း ပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊

(၂) (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊

(၃) ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

(၄) ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ။

၄။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးဌာနများသို့ ပေးပို့ပါမည်။ အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ၊ ကျေးရွာသားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ကို အစီရင်ခံစာရေးသားတင်ပြရပါမည်။

## နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကဲဖြတ်ပွဲ

၅။ စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားသင့်သည့် အဖွဲ့အစည်း/ ပုဂ္ဂိုလ်များမှာ–

(က) ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊

(ခ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊

(ဂ) သတင်းမီဒီယာများ၊

(ဃ) ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

၆။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကဲဖြတ်ပွဲမှ ဖွံ့ဖြိုး တိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိနိုင်ပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းကို လိုအပ်သလို ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသုံးသပ်ပွဲတွင် အောက်ပါအချက်များ အပေါ် အဓိကအလေးထားဆောင်ရွက်ပါမည်–

(က) စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော အဓိက လက်ငင်းရလဒ်များနှင့် အကျိုး သက်ရောက်မှုများ၊

(ခ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအပေါ် စီမံချက်တစ်ခုချင်းစီ၏ အကျိုးသက်ရောက် မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊

(ဂ) ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအား အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ ရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများ၊

(ဃ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့်မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊

(င) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှ ရရှိသော သင်ခန်းစာများ (အခြားရွာ များနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)၊

(စ) ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှုအခြေအနေ၊

(ဆ) အကြံပြုသုံးသပ်ချက်များ။

၇။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကဲဖြတ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီက အနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် အောက်ပါအချက်များကို အဓိက ထား ဖော်ပြရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည့် အကြောင်းအရာနှင့် စိန်ခေါ်မှုများ၊

(ခ) ပြင်ဆင်ဆောင်ရွက်ရမည့် အဆိုပြုစီမံချက်များ၊

(ဂ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများ၊ အဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူ အညီများစသည်တို့ဖြစ်ပါသည်။

**ဝေဖန်အကြံပြုဖြေရှင်းခြင်း**

၈။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးတစ်ယောက်၏ ထောက်ပံ့ငွေကို လွဲမှားစွာအသုံးပြု ခြင်းနှင့် အခြားမသင့်လျော်သည့် အပြုအမူများ ပြုလုပ်ခြင်းကဲ့သို့ တလွဲအသုံးပြုမှုများရှိပါက ထုတ်ဖော်တိုင်ကြားခွင့်ရှိပြီး ကျေးရွာလူထုအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း နှင့် ပတ်သက်၍ မိမိတို့၏ ကိုယ်ပိုင်အမြင် ၊ စိုးရိမ်ပူပန်မှု ၊ အကြံပြုချက်နှင့် ကန့်ကွက်ချက်များကို တရားဝင် တင်ပြနိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု၊ အလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှုများ လျော့နည်းလာစေမည် ဖြစ်ပါသည်။

၉။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သည့် ပုဂ္ဂိုလ်များအားလုံး မည်သူမဆို ဝေဖန်အကြံပြု တိုင်ကြားနိုင်ပါသည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးအရ မလိုမုန်းတီးမှုများကြောင့် မမှန်မကန် လိမ်လည် တိုင်ကြားခြင်းများ မပြုလုပ်ရန် လိုအပ်ပါသည်။

၁၀။ ဖြေရှင်းချက်များအား ပြန်လည်အသိပေးနိုင်ရန်အတွက် အကြံပြုတိုင်ကြားရာတွင် တိုင်ကြား သူ၏ အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ဖော်ပြတိုင်ကြားရန်ဖြစ်ပါသည်။

၁၁။ ဝေဖန်အကြံပြုတိုင်ကြားရာတွင် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ တိုင်ကြား နိုင်ပါသည်-

(က) အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊ တိုင်ကြားခြင်း၊

(ခ) တယ်လီဖုန်းဖြင့် အကြံပြုတိုင်ကြားခြင်း၊

(ဂ) စာဖြင့် ရေးသားပေးပို့ အကြံပြုတိုင်ကြားခြင်း၊

(ဃ) Email၊ Social Media တို့မှတစ်ဆင့် အကြံပြုတိုင်ကြားခြင်း။

၁၂။ တိုင်ကြားချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်းစီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) တိုင်ကြားခြင်းခံရသည့် အဖွဲ့အစည်းထက် အနိမ့်ဆုံးတစ်ဆင့်မြင့် အဖွဲ့အစည်းမှ ဦးဆောင်၍ စုံစမ်းစစ်ဆေးခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားစာပါ အချက်အလက်များနှင့် ပတ်သက်၍ လိုအပ်သည့် သက်သေများ၊ စာရင်းဇယားအထောက်အထားများအား တောင်းယူ စစ်ဆေးခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက် ၊သုံးသပ်ချက်၊အကြံပြုချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အစီရင်ခံစာပြုစု၍ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသ ကြီးဦးစီးမှူး၏ ထောက်ခံတင်ပြချက်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြခြင်း။

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည်။

(င) အကြံပြုတိုင်ကြားရာတွင် အောက်ဖော်ပြပါ လိပ်စာများသို့ လိပ်မူတိုင်ကြားနိုင်ပါ သည်-

(၁) မြို့နယ်ဦးစီးမှူး
-----------------မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ဖုန်းနံပါတ်-------------------------------------------။

(၂) ခရိုင်ဦးစီးမှူး
-----------------ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ဖုန်းနံပါတ်-------------------------------------------။

(၃) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး
-----------------တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ ဖုန်းနံပါတ်-------------------------------------------။

(၄) ညွှန်ကြားရေးမှူး
ဆင်းရဲမှုလျှော့ချရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊
ရုံးအမှတ်(၃၆)၊နေပြည်တော်၊
ဖက်စ်/ဖုန်းနံပါတ်၊၀၆၇၄၃၀၈၆၁၇၊၀၆၇၄၃၀၈၆၁၉။
Email address- vdpdrd2019@gmail.com
pr.hq@drdmyanmar.net

(၅) ညွှန်ကြားရေးမှူး

စီမံရေးရာနှင့် လူ့စွမ်းအား အရင်းအမြစ်ဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊
ရုံးအမှတ်(၃၆)၊နေပြည်တော်၊
ဖက်စ်/ဖုန်းနံပါတ်၊၀၆၇၄၃၀၈၆၀၈၊၀၆၇၄၃၀၈၆၀၉။
Email address- admin.hq@drdmyanmar.net

## အခန်း(၈)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအမံများ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအမံများ**

၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (စီမံချက်လုပ်ငန်းများ)ကို ကျေးရွာလူထုက ဦးဆောင်စီမံခန့်ခွဲပြီး ထိရောက်သော အကျိုးဖြစ်ထွန်းမှုများ ဖြစ်လာရန် ကျေးရွာလူထုက အဓိက တာဝန်ယူရပါမည်-

(က) **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏အခန်းကဏ္ဍ။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

( ခ) **ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်း။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက စီမံချက်များကို အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကို ရှာဖွေဆက်သွယ် ပူးပေါင်း၍ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) **ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ။** စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရှိရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

(၁) ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ၊

(၂) စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း များက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများ ကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် တာဝန်ပေးထားသော ကော်မတီ ကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အဦများ အသုံးပြုခြင်းနှင့်ထိန်းသိမ်းခြင်းအတွက် စုစည်း စီစဉ်မှုနှင့် ငွေကြေးဆိုင်ရာဆောင်ရွက်မှုအစီအစဉ်**

၂။ မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင်တွေ့ရလေ့ရှိသောရေရှည်ထိန်းသိမ်းရန် လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည် –

| ကဏ္ဍ | လုပ်ငန်း |
|---|---|
| စီးပွားရေးလုပ်ငန်း | • ငွေစုငွေချေးလုပ်ငန်း(လည်ပတ်ရန်ပုံငွေ )<br>• ဆည်မြောင်းရေပေးရေးလျှပ်စစ်ဓာတ်အားပေး စက်<br>• လုပ်ငန်း<br>• ကျေးရွာဈေး |

| ကဏ္ဍ | လုပ်ငန်း |
|---|---|
| | • စပါးဘဏ် |
| လူမှုရေးဆိုင်ရာအဆောက်အအုံ | • ကျောင်းအဆောက်အအုံဆောက်လုပ်ခြင်း<br>• ကျေးလက်ကျန်းမာရေးဌာန<br>• ရေနှင့်သန့်ရှင်းရေး<br>• ကျေးရွာခန်းမ<br>• ဓမ္မာရုံ<br>• လျှပ်စစ်ဓာတ်အားပေးစက် |
| သွားလာရေးဆိုင်ရာအဆောက်အဦ | • ဆိပ်ခံတံတား<br>• လူသွားလမ်း<br>• တံတား |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်း | • ရေတားတမံ<br>• ရေနုတ်မြောင်း<br>• ကျေးရွာပိုင်သစ်တော |

၃။ တည်ဆောက်ပြီး အဆောက်အဦများကို အသုံးပြုရန်နှင့် ပြင်ဆင်ထိမ်းသိမ်းရန်အတွက် သင့်တော်သော အဖွဲ့အစည်းဆိုင်ရာအစီအစဉ်နှင့် ငွေကြေးဆိုင်ရာ ဆောင်ရွက်မှု အစီအမံများ ရှိရန်အတွက် အရေးကြီးပါသည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲမှုရှိပြီး လုပ်ငန်းမှ အကျိုးခံစား ရပါမည်။ မြန်မာနိုင်ငံကျေးလက်ဒေသအခြေအနေအရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအစဉ် များနှင့် ငွေကြေးဆိုင်ရာဆောင်ရွက်မှုကို အခြေခံ၍ အောက်ပါ အဆိုပြုနည်းလမ်းများအတိုင်း ခွဲခြားထားပါသည် –

(က) **နည်းလမ်း(၁)သုံးစွဲသူအစုအဖွဲ့။** သုံးစွဲသူအစုအဖွဲ့သည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆိုင်ရာ အဖွဲ့အစည်းများအနက် အများဆုံးတွေ့ရသော အစုအဖွဲ့ ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ ထွက်ပေါ်လာသည့် အကျိုးကိုသုံးစွဲသူ အဖွဲ့သားများမှ တိုက်ရိုက်ခံစားရပါသည်။ ဤအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် (၁)ဦး၊ ငွေကောက်ခံသူ၊ ငွေထိန်း၊ စာရင်းကိုင်တစ်ဦးစီနှင့် ကျန်အဖွဲ့ဝင်တစ်ဦး (သို့မဟုတ်) နှစ်ဦးပါရှိပါ မည်။ ဥပမာ (၁) –ဆည်ရေ ရယူသုံးစွဲသူများအဖွဲ့အဖြစ် ဖွဲ့စည်းပြီးလုပ်ငန်း

ကုန်ကျစရိတ်များဖြစ်သည့် ရေတံခါး အဖွင့်အပိတ် လုပ်အားခ၊ မြောင်းပြင်ဆင် ထိန်းသိမ်းခ၊ ပစ္စည်းဖိုးနှင့် သယ်ယူပို့ဆောင်ခ စရိတ်တို့အတွက် သုံးစွဲသူများထံမှ ငွေကြေးကောက်ခံခြင်းများပါရှိပါမည်။ ရံဖန်ရံခါ အသုံးပြုသူ အချင်းချင်း အငြင်း ပွားမှု ဖြစ်လျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖြေရှင်းပေးပါမည်။ အများအမြင်ရှင်းစေရန်အတွက် ဤအဖွဲ့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီသို့ ငွေကြေးဆိုင်ရာကိစ္စများ အပါအဝင်ကိစ္စ အဝဝကို အစီရင်ခံစာ တင်သွင်းရပါမည်။ အသားတင်ပိုငွေကိုဘဏ်တွင် အပ်နှံထားရမည်။ (ငွေပမာဏ မများပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ စီမံခန့်ခွဲမှုအောက် တွင် ထားရှိပါမည်။ ကျေးရွာဖွံ့ဖြိုးတိုတက်ရေးလုပ်ငန်းကော်မတီသည် ကျေးရွာ လူထု၊ ကျေးရွာအာဏာပိုင်အဖွဲ့အစည်းနှင့်တိုင်ပင်၍ ပိုငွေ၏တစ်စိတ်တစ်ပိုင်းကို ကျေးရွာဖွံ့ဖြိုးရေးပင်မရန်ပုံငွေတွင် ထည့်သွင်းပြီး တစ်ရွာလုံးအတွက် အကျိုးပြု သော လုပ်ငန်းများတွင် အသုံးပြုပါမည်။ ဥပမာ (၂) - စပါးဘဏ်တွင် အဖွဲ့ဝင် (၅)ဦးပါ ကော်မတီဖြင့် စီမံခန့်ခွဲခြင်းသည် ထိရောက်ကြောင်း တွေ့ရှိရပါသည်။ ကော်မတီက ခေါင်းဆောင် (၁)ဦး၊ စာရင်းကိုင်(၁)ဦး၊ သေ့ဘကိုင် (၁)ဦးနှင့် အခြား (၂)ဦးမှာ အဖွဲ့ဝင်ဖြစ်ပါသည်။ ၎င်းတို့ကိုကျေးရွာမှ (သို့မဟုတ်) စပါးဘဏ်အဖွဲ့မှ ရွေးချယ်ပါသည်။ စည်းမျဉ်းစည်းကမ်းအနေနှင့် ပြန်ဆပ်သည့် ပမာဏကို အသုံး ပြုသူများအဖွဲ့အစည်းမှ သဘောတူသတ်မှတ်ပါသည်။ အများအားဖြင့် စပါးပြန်ဆပ် ရသည့်အတွက် စပါးဈေးနှုန်းတက်မှုက မထိခိုက်စေပါ။ အတိုးနှုန်းကို ဆင်းရဲသား မိသားစုများ၏ ဆပ်နိုင်သည့် အတိုင်းအတာဖြင့် ကောက်ခံသည်။ လုပ်ငန်းစရိတ် အနေနှင့် စပါးကျီပြင်ဆင်ခ၊ သယ်ယူပို့ဆောင်ခနှင့် အိတ်၊ တင်း၊ တောင်းတို့ ဝယ်ယူရပါမည်။ ကော်မတီမှ အဆိုပြုပြီး အဖွဲ့ဝင်များ၏ သဘောထားရယူကာ ရရှိသည့် အသားတင် အတိုးအပွားကို အဖွဲ့ဝင်အသစ်များသို့ တိုးချဲ့ပေးပါမည်။ ထို့ပြင်ရွာတွင် ထိခိုက်သက်ရောက်လွယ်ဆုံး မိသားစုများနှင့် သက်ကြီးရွယ်အိုများ အား လှူဒါန်းပါမည်။ သုံးစွဲသူများအဖွဲ့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီသို့ အဖွဲ့၏ ဘဏ္ဍာရေးအခြေအနေနှင့် လည်ပတ်လုပ်ဆောင်မှုတို့ကို အစီရင်ခံပါမည်။ ပိုလျှံငွေကို ကျေးရွာ ဖွံ့ဖြိုးရေးငွေစာရင်းတွင် အပ်နှံထားရပါမည်။ ဥပမာ (၃) - အခြားသုံးစွဲသူ အစုအဖွဲ့တစ်ခုမှာ ကျေးရွာပိုင် သစ်တောအစုအဖွဲ့ ဖြစ်ပါသည်။ အစုအဖွဲ့သည် လုပ်ငန်းအစီအစဉ်အရ လုပ်ဆောင်ပြီး အကျိုးအမြတ် ကို အဖွဲ့ဝင်များ မျှဝေခံစားပါမည်။

(ခ) **နည်းလမ်း(၂) သက်ဝင်ယုံကြည်သော ဘာသာရေးအခြေပြုအဖွဲ့**။ မြန်မာနိုင်ငံသည် ဘာသာရေးအခြေပြု အဖွဲ့အစည်းများက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့်တိုးချဲ့လုပ်ဆောင်မှုတွင် ပါဝင်လုပ်ဆောင်သည့် အလေ့အထ ရှိသောနိုင်ငံဖြစ်ပါသည်။ ဤအဖွဲ့အစည်းများသည် ကျေးရွာလူထုကို စုစည်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ သူတို့သည်ရေနှင့် သန့်ရှင်းရေး၊ ကျေးရွာငွေစု ငွေချေးလုပ်ငန်း၊ စပါးဘဏ်၊ အစုအဖွဲ့ပိုင် သစ်တော၊ ကျေးရွာမီးလင်းရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါမည်။ အမှုဆောင်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို စီမံခန့်ခွဲသည့် ပင်မအဖွဲ့ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက အဖွဲ့အစည်းများကို စီမံအုပ်ချုပ်သကဲ့သို့ အလုပ်လုပ်ကြပါသည်။ ဤအဖွဲ့များ အလုပ်လုပ်ပုံမှာ ဥပမာအားဖြင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် အမှုဆောင်ကော်မတီက သုံးစွဲသူ အဖွဲ့ဖွဲ့စည်းရန်နှင့် မြေသုံးစွဲခွင့်ရရှိအောင် လုပ်ဆောင်ပါသည်။ ပြင်ပအဖွဲ့အစည်းမှ ငွေကြေးနှင့်နည်းပညာ ပံ့ပိုးမှုရရှိအောင် ဆောင်ရွက်ပါသည်။ အဖွဲ့သားများထံမှ ငွေကြေး၊ လုပ်အား၊ ပစ္စည်းထည့်ဝင်မှုကို ရရှိအောင် ဆောင်ရွက်သည်။ အလုပ်အမှုဆောင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် အသုံးပြုသူများ ပါဝင်သော စီမံခန့်ခွဲရေးကော်မတီသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သော ရေလောင်း၊ ပေါင်းသင်၊ မြေဆီထည့်၊ ခြံကာခြင်းနှင့် အခြားလုပ်ငန်းများကို လုပ်ဆောင်ပါသည်။

(ဂ) **နည်းလမ်း(၃) ကိုယ့်အားကိုယ်ကိုးငွေစုငွေချေးအဖွဲ့**။ ငွေစုငွေချေး အဖွဲ့ဖွဲ့ရာတွင် စီးပွားရေးအဆင့်တူပြီး အပြန်အလှန် နားလည်မှုရှိသူများ စုဖွဲ့လေ့ရှိပါသည်။ အနည်းဆုံး (၅) ဦးမှ (၁၀)ဦးပါဝင်ပြီး အချင်းချင်း ယုံကြည်မှု တည်ဆောက်ရပါမည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနှင့် ဆက်နွယ်မှုအရ အပြန်အလှန် အာမခံကြရပါသည်။ အဖွဲ့ဝင်များသည် အစုအဖွဲ့အလိုက် လုပ်ဆောင်ခြင်း၏ ညီညွတ်ခြင်း၊ တစ်သားတည်းဖြစ်ခြင်း၊ အမြင်ရှင်းခြင်း၊ တာဝန်ခံခြင်းတို့ကို နားလည်ရပါမည်။ ရှင်သန်တက်ကြွသော အဖွဲ့ဖြစ်ရန်အတွက် အရည်အချင်းရှိပြီး အဖွဲ့ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သောသူ ဖြစ်ရမည်။ စည်းရုံးရေးမှူး၊ စာရင်းကိုင်၊ ငွေထိန်း၊ သော့ကိုင်နှင့် စာရင်းစစ် (၁)ဦးစီရှိရမည်။ ရေရှည်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ရပ်မိရပ်ဖနှင့် အာဏာပိုင်များနှင့် လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပံ့ပိုးမှုများ ရယူရပါမည်။ အဖွဲ့သားများ၏ သဘောတူညီချက်ဖြင့်

ဖွဲ့စည်းပုံဆိုင်ရာ သဘောတူညီမှုကို ပြုစုရပါမည်။ ပုံမှန်အစည်းအဝေးတက်ခြင်း အချိန်ကာလ သတ်မှတ်ချက်အတိုင်း ပုံမှန်ငွေစုခြင်း၊ ပုံမှန်အရင်းနှင့် အတိုးကို ပြန်ဆပ်ခြင်းစသည်တို့သည် ရှင်သန်တက်ကြွသော ငွေစုငွေချေးအဖွဲ့တစ်ဖွဲ့၏ အရေးကြီးသော အင်္ဂါရပ်များ ဖြစ်ပါသည်။ စနစ်တကျ မှတ်တမ်းမှတ်ရာ ထားရှိခြင်းနှင့် အခြေခံစာရင်း ကျွမ်းကျင်မှုတို့သည် အဖွဲ့၏အရည်အသွေးကို မြင့်တက်စေပါသည်။ စုဆောင်း ရရှိသည့် အတိုးငွေသည်အဖွဲ့၏ အဓိကဝင်ငွေ ဖြစ်ပါသည်။ သို့သော် အတိုးနှုန်းသည် ဆင်းရဲသားများ တတ်နိုင်သော အတိုင်းအတာသာ ဖြစ်ရပါမည်။ ချေးငွေ စိစစ်အကဲဖြတ်ခြင်းကို ချေးလိုသော ရည်ရွယ်ချက်၏ သဘာဝကျမှု၊ ယုံကြည်ရမှု၊ ပြန်ဆပ်နိုင်မှုတို့ပေါ်တွင် မူတည်၍ လုပ်ရပါမည်။ အစည်းအဝေးမှတ်တမ်းအပြင် အဓိကစာအုပ်(၄)အုပ်ကို ထားရှိရပါမည်။ ၎င်းတို့မှာ စုဆောင်းငွေ မှတ်တမ်း၊ ချေးငွေနှင့် ပြန်ဆပ်ငွေမှတ်တမ်း၊ တစ်ဦးချင်းစာအုပ်နှင့် အထွေထွေ လယ်ဂျာတို့ဖြစ်ပါသည်။

(ဃ) **နည်းလမ်း(၄)စီမံခန့်ခွဲရေးကော်မတီ**။ အချို့သော သတ်မှတ်ချက်လုပ်ငန်းများအတွက် ကျေးရွာသည် စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းရန် လိုအပ်ပါသည်။ ဘာသာရေး အခြေပြုအဖွဲ့အစည်းများ (သို့မဟုတ်) ကျေးရွာဈေးကွဲသို့ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုတစ်ရပ်ကို လုပ်ရန် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းရပါမည်။

( င) **ကျေးရွာအဆောက်အဦလုပ်ငန်း**။ ဆိပ်ခံတံတား၊ လူသွားလမ်း၊ ကျေးရွာ မီးလင်းရေး၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကဲ့သို့သော ကျေးရွာ အဆောက်အဦဆိုင်ရာ လုပ်ငန်းများတွင် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ စီမံခန့်ခွဲတာဝန်ယူရပါသည်။ စီမံခန့်ခွဲရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အခြားအဖွဲ့များနှင့်တိုင်ပင်ညှိနှိုင်း၍ နိုင်ငံတော်၊ ကျေးရွာလူထု၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့် တစ်ဦးချင်းအလှူရှင်များထံမှ ငွေကြေးစုဆောင်းကောက်ခံရပါမည်။

( စ) **အခြားငွေစုငွေချေးအစုအဖွဲ့**။ မြန်မာနိုင်ငံတွင် အစုအဖွဲ့မျိုးသည် ဘာသာရေးအခြေပြုအဖွဲ့များ၊ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်တို့၏ အစုအဖွဲ့များတွင် ပြုလုပ်ကြပါသည်။ ဗဟိုငွေချေးအဖွဲ့ပုံစံဖြင့် ချေးငွေလုပ်ငန်းကို လုပ်ကြပါသည်။ ဘုရားကျောင်း အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် ရွာသူ ရွာသားများငွေစုကြရန် စည်းရုံးဆော်သြပြီး ချေးငွေထုတ်ချေးခြင်း၊ စီမံခန့်ခွဲမှု အထွေထွေကို ဆောင်ရွက်ကြပါသည်။ ရန်ပုံငွေကို အပြည်ပြည်ဆိုင်ရာ အလှူရှင် အဖွဲ့အစည်း

များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အသင်းသားများ၏ စုငွေနှင့် အတိုးငွေတို့ဖြင့် လည်ပတ်ပါသည်။

(ဆ) **နည်းလမ်း(၅) ညွှန်ကြားချက်အရဖွဲ့ထားသောအဖွဲ့များ (ဥပမာ– မိဘဆရာအသင်း)**။ ညွှန်ကြားချက်အရ ဖွဲ့ထားသော မိဘဆရာအသင်းတွင် ကျောင်းအုပ်ကြီးမှ ဦးစီးပြီး ကျောင်းဆရာ/ဆရာမ၊ ကျောင်းသားမိဘ၊ ရွာမိရွာဖနှင့် ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူတို့ ပါဝင်သည်။ ပုဂ္ဂလိက စေတနာရှင်များနှင့် ကျေးရွာသူ/သားများ၏ တတ်အားသရွေ့ သင့်တင့်မျှတသော ထည့်ဝင်မှုမှ ရပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့၊ လူကြီးအဖွဲ့၊ အမျိုးသမီးအဖွဲ့စသည်ဖြင့် အားလုံးပါဝင်၍ ကျေးရွာပြုပြင်ရေးတွင် လုပ်အားပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့မှ တောင်းခံသောအကူအညီကို ပေးကြပါသည်။

( ဇ) **နည်းလမ်း(၆)လူမှုရေးအဖွဲ့(သာရေးနာရေးအဖွဲ့)**။ ဤအဖွဲ့သည် ကျေးရွာ၏ ထုံးတမ်းစဉ်လာအရ တည်ရှိခဲ့သည့် ရွာသူရွာသားများ၏ စွမ်းအားထုကြီးပင် ဖြစ်ပါသည်။ ဆင်းရဲချမ်းသာမရွေး တစ်ရွာလုံးအဖွဲ့ဝင်များဖြစ်ပါသည်။ ရန်ပုံငွေစုဆောင်းခြင်းကိုလုပ်ဆောင်ရမည့်လုပ်ငန်း၏ ရည်ရွယ်ချက်အရ ကောက်ခံရပါမည်။ ဥပမာ – တစ်ဦးတစ်ယောက် သေဆုံးလျှင် တစ်ရွာလုံးမှ ငွေ(သို့မဟုတ်) ပစ္စည်းကို စုပေါင်းထည့်ဝင်၍ ဤအဖွဲ့မှ တစ်ဆင့်ကာယကံရှင် မိသားစုအားပေးပါသည်။ ကျေးရွာတစ်ခုလုံးမှ မြို့နယ်သို့ ထည့်ဝင်ရမည့် ငွေကြေး၊ ထည့်ဝင်ရမည့်ကိစ္စများရှိပါကလည်း လူတို့၏ ချောင်လည်တတ်နိုင်မှုပေါ် မူတည်၍ရွာမှ သတ်မှတ်ထားသောနှုန်းအတိုင်း အိမ်ထောင်စုများမှ ကောက်ခံရပါသည်။ အလွန်အမင်း အခက်အခဲရှိသော အချို့သောအိမ်ထောင်စုများကိုမူ ကင်းလွတ်ခွင့် ပေးထားပါသည်။ ဤကောက်ခံငွေသည် လက်ငင်းကိစ္စတစ်ခုတည်းအတွက် ကောက်ခံခြင်းဖြစ်ပါသည်။ ရွာရှိအလှူအသီးသီး၊ အစုအဖွဲ့အသီးသီးတို့မှ ပါဝင်ကြပါသည်။ ကောက်ခံငွေမှာ ပြဋ္ဌာန်းအတည်ပြုထားသော နှုန်းထားအတိုင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံရွာအနေဖြင့် ပြင်ပစေတနာအလှူရှင်များကိုလည်းရှာဖွေကြပါသည်။

## အခန်း(၉)

## ပြစ်မှုပြစ်ဒဏ်များ

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ

၁။ ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်-

ပုဒ်မ၄၀။ ။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို တာဝန်အရ အကောင်အထည်ဖော်ဆောင်ရွက်သူအား-

(က) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ၄၁။ ။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ၄၆။ ။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်း သို့မဟုတ် ငွေကြေးကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

**နောက်ဆက်တွဲ (က)**

# ကျေးရွာရှိတစ်အိမ်ထောင်စုအလိုက်အခြေခံအချက်အလက်များကောက်ယူသည့်ပုံစံ

တိုင်းဒေသကြီး/ပြည်နယ် ..............................မြို့နယ်..............................ကျေးရွာအုပ်စု..........................................ကျေးရွာ..........................................ရက်စွဲ..........................

| စဉ် | အိမ်ထောင်ဦးစီးအမည် (အမျိုးသမီးအိမ်ထောင်ဦးစီးဖြစ်ပါကရင်းအမည် ဖော်ပြရန်) | မိသားစုဦးရေ ( ဇယား ၁) | | | | | | | | | | | | | | | | | | လူမျိုး | အလုပ်အကိုင် (ဇယား ၂) | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ နှစ် အောက် | | ၁ နှစ်အထက်မှ ၄ နှစ် အထိ | | ၅ နှစ်အထက်မှ ၉ နှစ်အထိ | | ၁၀ နှစ်အထက်မှ ၁၄ နှစ်အထိ | | ၁၅ နှစ်အထက်မှ ၆၄ နှစ်အထိ | | ၆၄ နှစ် အထက် | | ပေါင်း | | | မသန်စွမ်းသူ | | | | အဓိက | | | | အခြား ၁ | | | |
| | | က | မ | က | မ | က | မ | က | မ | က | မ | က | မ | က | မ | ပ | က | မ | အသက် | | လုပ်ငန်း | ကပ / လသ | ဦးရေ | | လုပ်ငန်း | ကပ / လသ | ဦးရေ | |
| | | | | | | | | | | | | | | | | | | | | | | | က | မ | | | က | မ |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | | | | | | | | | | | | | | | | | | | |

တိုင်းဒေသကြီး/ပြည်နယ် ..........................................မြို့နယ်..........................................ကျေးရွာအုပ်စု..........................................ကျေးရွာ..........................................ရက်စွဲ..........................................

| စဉ် | အလုပ်အကိုင် (ဇယား ၂) | | | | | | | | စိုက်ပျိုးမြေ (ဧက) ဇယား (၄ – ၁၃) | | | | | | | | လယ်ယာသုံးပစ္စည်းပိုင်ဆိုင်မှု( ဇယား ၁၆)ကိုယ်ပိုင်(ကိန်းဂဏန်း)၊ အငှား (✓) | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အခြား ၂ | | | | အခြား ၃ | | | | လယ် | ယာ၊ တောင်ယာ | ဥယျာဉ်ခြံ | ကိုင်းကျွန်း | ဓနိတောမြေ | စားကျက်မြေ | ပလပ်မြေ | စုစုပေါင်း | ထွန်စက် | လက်တွန်း | အစေ့ချ | ရိတ်သိမ်းခြွေလှေ့ | ရိတ်စက် | ခြွေလှေ့စက် | ရေစုပ်စက် | ခြေနင်းရေတင်စက် | မြက်ရိတ်စက် |
| | လုပ်ငန်း | ကပ / လသ | ဦးရေ | | လုပ်ငန်း | ကပ / လသ | ဦးရေ | | | | | | | | | | | | | | | | | | |
| | | | က | မ | | | က | မ | | | | | | | | | | | | | | | | | |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | | | | |

တိုင်းဒေသကြီး/ပြည်နယ် ............................မြို့နယ်............................ကျေးရွာအုပ်စု......................................ကျေးရွာ.........................................ရက်စွဲ............................

| စဉ် | မွေးမြူသည့်ကောင်ရေ ( ဇယား ၁၉) | | | | | | | | | | | | ငါးလုပ်ငန်း( ကေ) (ဇယား ၁၉) | | | | | ရွှေ့ပြောင်းသွားလာခြင်း (ဇယား ၂၄) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | | | | ပြည်တွင်း (ကျား) | | | | ပြည်တွင်း (မ) | | | | ပြည်ပ (ကျား) | | | |
| | နွား | နို့စားနွား | မြင်း | ကျွဲ | မြည်း | လား | ဆိတ် | သိုး | ဝက် | ကြက် | ဘဲ | နွားနောက် | ငါးကန် | ပုဇွန်ကန် | ဂဏန်းကန် | ရေချိုငါးဖမ်း | ကမ်းလွန်ငါးဖမ်း | ၃ လ အောက် | ၃ - ၆ လ | ၁၂ လ | ၁၂ လ အထက် | ၃ လ အောက် | ၃ - ၆ လ | ၁၂ လ | ၁၂ လ အထက် | ၃ လ အောက် | ၃ - ၆ လ | ၁၂ လ | ၁၂ လ အထက် |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | | | | | | | | |

တိုင်းဒေသကြီး/ပြည်နယ် ............................မြို့နယ်..............................ကျေးရွာအုပ်စု......................................ကျေးရွာ.........................................ရက်စွဲ............................

| စဉ် | | | | | ရွှေ့ပြောင်းသွားလာခြင်း (ဇယား ၂၅) | | | | | | | | | | ရွှေ့ပြောင်းသွားလာခြင်း (ဇယား ၂၆) | | | | | | အတန်းပညာပြီးမြောက်မှု (ဇယား ၃၀) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ပ (မ) | | | | သွားရသည့် အကြောင်းရင်း | | | | | | | | | | ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စု | | | ပြန်ပို့ငွေလမ်းကြောင်း | | | စာမတတ် | | မူလတန်း အဆင့်ရှိသူ | | အလယ်တန်း အဆင့်ရှိသူ | | အထက်တန်း အဆင့်ရှိသူ | | တက္ကသိုလ်/ ကောလိပ် | | ပေါင်း | |
| | ၃ လ အောက် | ၃ - ၆ လ | ၁၂ လ | ၁၂လ အ ထက် | အလုပ်/ ဝင်ငွေ | | နိုင်ငံရေး | | ပဋိပက္ခ | | လူမှု/ ကျန်းမာ | | အခြား | | မြင့် | လတ် | နိမ့် | ဟွန်ဒီ | ဘဏ် | လူကြုံ | က | မ | က | မ | က | မ | က | မ | က | မ | က | မ |
| | | | | | က | မ | က | မ | က | မ | က | မ | က | မ | | | | | | | | | | | | | | | | | | |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

တိုင်းဒေသကြီး/ပြည်နယ် ..........................မြို့နယ်...........................ကျေးရွာအုပ်စု.....................................ကျေးရွာ.....................................ရက်စွဲ.........................

| စဉ် | လက်ရှိပညာသင်ကြားနေသူဦးရေ (ဇယား ၃၁) | | | | | | | | | | ရေရရှိမှု (ဇယား ၃၇) ကိုယ်ပိုင် (ကိန်းဂဏန်း)၊ အများပိုင် (✓) | | | | | | | အိမ်သာ ( ဇယား ၃၈) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မူလတန်း | | အလယ်တန်း | | အထက်တန်း | | တက္ကသိုလ် | | ပေါင်း | | ရေတွင်း | အဝီစိတွင်း/စက်တပ် | အဝီစိ/တုံကင် | မိုးရေလှောင်ကန် | မြစ်/ချောင်းရေ | ရေကန် | စိမ့်စမ်း ရေ | ရေဆွဲ | ယင်လုံ | တွင်းရှိ | တွင်းမရှိ | အိမ်သာမရှိ |
| | က | မ | က | မ | က | မ | က | မ | က | မ | | | | | | | | | | | | |
| ၁ | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |

တိုင်းဒေသကြီး/ပြည်နယ် ...........................မြို့နယ်...........................ကျေးရွာအုပ်စု...................................ကျေးရွာ...........................ရက်စွဲ...........................

| စဉ် | ပို့ဆောင်ရေး ( ဇယား၄၃) | | | | | | | | | လျှပ်စစ်မီးသုံးစွဲမှု (ဇယား ၄၄) | | | | | | | | ဆက်သွယ်ရေး (ဇယား ၄၅) | | | | | စီးပွား အဆင့် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လှေ | စက် လှေ | စက် ဘီး | ဆိုင် ကယ် | သုံးဘီး ဆိုင် ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွား လှည်း | ဓာတ် အား လိုင်း | ဆိုလာ | ရေ အား | ဒီဇယ် အင်ဂျင် | လေ အား | ဇီဝ လောင် စာ | အခြား | အသုံး မပြုနိုင် | ဖုန်း | ရေဒီယို | တီဗွီ | စ လောင်း | အင် တာ နက် လိုင်း ရ/ မရ | | |
| ၁ | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | | | |

နောက်ဆက်တွဲ (ခ)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | | | | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | | | | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | | | | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | | | | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | | | | | |
| **စုစုပေါင်း** | | | | | | |
| **စုစုပေါင်း အိမ်ထောင်စု** | | | | | | |

**ရင်းမြစ်** ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ် ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ..........................................................................................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ............................................................................................................

.........................................................................................................................................

.........................................................................................................................................

၈။ နိုင်ငံတော်သည် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူ ပံ့ပိုးပေးမည့် အဖွဲ့အစည်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောငွေကြေးကို အောက်ဖော်ပြပါနည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည် -

(က) ချေးငွေ (Loan)၊

( ခ) ဖွံ့ဖြိုးရေးအကူညီပေးငွေ(ထောက်ပံ့ငွေ)(Grant)၊

( ဂ) ကျေးရွာ၊မိသားစုထည့်ဝင်ငွေ(Village contribution)။

၉။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အမျိုးအစားနှင့် ကျေးရွာအခြေအနေပေါ် မူတည်၍ ငွေကြေးရရှိရေး နည်းလမ်းကို ရွေးချယ်စီစဉ်ဆောင်ရွက်ရပါမည်။ အထက်ပါ ဖော်ပြချက်အား အောက်ပါနမူနာဖြင့် ထပ်မံရှင်းလင်းပါမည် -

**ဥပမာ (၁)**

| **ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးအစား** | **ငွေကြေးအစီအစဉ်** | **ငွေကြေးရရှိစေမည့်အရင်းအမြစ်** |
|---|---|---|
| ကျေးရွာအဆင့် အများဘုံဆိုင်သောဖွံ့ဖြိုးရေးလုပ်ငန်းများ (ဥပမာ-မီးလင်းရေး) ကျေးရွာလမ်းဖောက်လုပ်ခြင်း | • ကျေးရွာ ထည့်ဝင်ငွေ၊ | • ကျေးရွာရန်ပုံငွေ၊<br>• လူထုလုပ်အား၊ပစ္စည်း ထည့်ဝင်မှုများ၊ |
| | • ချေးငွေ၊ | • အစိုးရဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ပေးသော အဖွဲ့အစည်းများ၊<br>• ပုဂ္ဂလိကဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ၊<br>• နိုင်ငံတကာချေးငွေပေးသော အဖွဲ့ အစည်းများ၊ |
| | • ဖွံ့ဖြိုးရေးအကူညီ ပေးငွေ(Grant) | • အစိုးရအစီအစဉ်အရလုပ်သော လုပ်ငန်းများ၊<br>• အစိုးရမဟုတ်သောအဖွဲ့များ၊<br>• ကုလသမဂ္ဂ၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုး ရေးဘဏ်စသည်၊ |

**ဥပမာ(၂)**

| **ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးအစား** | **ငွေကြေးအစီအစဉ်** | **ငွေကြေးရရှိစေမည့်အရင်းအမြစ်** |
|---|---|---|
| | • ကျေးရွာ ထည့်ဝင်ငွေ၊ | • ကျေးရွာရန်ပုံငွေ၊<br>• လူထုလုပ်အား၊ပစ္စည်း ထည့်ဝင်မှုများ၊ |
| မိသားစုအဆင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ (ဥပမာ– တစ်နိုင်တစ်ပိုင်မွေးမြူခြင်း ၊ သီးနှံတိုးချဲ့စိုက်ပျိုးခြင်း) | • ချေးငွေ၊ | • အစိုးရဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့အစည်း များ၊<br>• ပုဂ္ဂလိကဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့ အစည်းများ၊<br>• နိုင်ငံတကာချေးငွေပေးသော အဖွဲ့အစည်းများ<br>• ကျေးရွာဖွံ့ဖြိုးရေးလည်ပတ် ရန်ပုံငွေ၊ |
| | • ပစ္စည်းအကြွေးပေး စနစ် | • စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်၊ကုမ္ပဏီများ၊ |
| | • ဖွံ့ဖြိုးရေးအကူညီ ပေးငွေ(Grant) | • အစိုးရအစီအစဉ်အရလုပ်သော လုပ်ငန်းများ၊<br>• အစိုးရမဟုတ်သောအဖွဲ့များ၊<br>• နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျေးလက်လူထုအခြေပြုအဖွဲ့၊ |

၁၀။ ကျေးရွာအတွက် ပံ့ပိုးရာတွင် ချေးငွေနှင့် ထောက်ပံ့ငွေ ဟူ၍(၂)မျိုးရှိပါသည်။ ချေးငွေသည် မိသားစုတစ်ခုချင်းသို့ အတိုးနှုန်းအလွန်သက်သာစွာဖြင့် ထုတ်ချေးငွေဖြစ်ပြီး ပေးငွေမှာမူ တစ်ရွာလုံးနှင့် သက်ဆိုင်သည့် ဘုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာသို့ ထောက်ပံ့ ပေးသောငွေ ဖြစ်ပါသည်။ သို့သော် ကျေးရွာမှထိုက်သင့်သည့်၊ တတ်နိုင်သည့် ထည့်ဝင်မှုကို ငွေအားဖြင့်သော်လည်းကောင်း၊ ငွေမဟုတ်သည့်ဒေသထွက်ကုန်ကြမ်း၊ လုပ်အားစသည်တို့ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။

၁၁။ နိုင်ငံတော်မှပံ့ပိုးရာတွင် အဓိကအားဖြင့်အထွေထွေလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ပံ့ပိုးခြင်း၊ စွမ်းရည်မြှင့်တင်ရေးအတွက် ပံ့ပိုးခြင်းတို့ ပါဝင်ပါသည်။

၁၂။ ထို့အပြင် စီမံကိန်းရလာဒ်များ ရေရှည်ဆက်လက်၍ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ကျေးရွာမှ ထည့်ဝင်ရမည့် အစီအစဉ်များလည်း ရှိထားရန်လိုအပ်ပါသည်။

## AVIP ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်

၁၃။ ယခုဖော်ပြသည့် AVIP ပြင်ဆင်ခြင်း လုပ်ငန်းစဉ်သည် နှစ်အလိုက်တွင် သက်ဆိုင်ရာ ဌာနများ၏ ဘတ်ဂျက်အစီအစဉ်များတွင် ကျေးရွာများ၏ အဆိုပြုဘတ်ဂျက်များ ထည့်သွင်း နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းကော်မတီများအား ကူညီဆောင်ရွက်မည့် လုပ်နည်းကိုင်နည်းများ (သို့) လုပ်ငန်း စဉ် ဖြစ်ပါသည်။ လုပ်ငန်းစဉ်များသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများအား ကူညီလေ့ကျင့်ရာတွင် အဓိကထားမည့် အချက်အလက်များဖြစ်ပြီး၊ အသေးစိတ်အကြောင်းအရာများကိုမူ သက်ဆိုင်ရာ ဦးစီးဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက စီမံချက်အကြောင်းအရာ (Project profile) ပြင်ဆင်ခြင်း၊ အဆိုပြုခြင်း။** ဖော်ပြပါရန်ပုံငွေဖြင့် အကောင်ထည်ဖော် ရန် ရွေးချယ်ထားသောစီမံချက်များ၏ အကောင်ထည်ဖော်ရေးစီမံချက်ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ရေးဆွဲပြင်ဆင်ပြီး ကျေးရွာလူထု သဘော တူညီမှုကို ရယူအတည်ပြုရမည်။ အတည်ပြုပြီး စီမံချက်အချက်လက်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် စီမံချက် အဆိုပြုလွှာနှင့်အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အဆိုပြုလွှာ တင်သွင်းရ မည်။ ဖွံ့ဖြိုးရေးအကောင်ထည်ဖော်ရေးစီမံချက်များ ပြင်ဆင်ရာတွင် အောက်ပါတို့ ပါဝင်ရန် လိုအပ်ပါသည်။ ၎င်းအချက်အလက်များ ပြုစုရာတွင် အသုံးပြုရမည့်ပုံစံ ကိုလည်း ပုံစံ(၁)တွင်ဖော်ပြထားပါသည်-

(၁) <u>ရွေးချယ်ထားသော စီမံချက်ဆောင်ရွက်ရန် လိုအပ်သည့် အနေအထားများ **(Context)**</u>ကို ဖော်ပြရန်လိုအပ်ပါသည် (အခုဘာတွေဖြစ်နေလို့လဲ)။ ဥပမာ ကျေးရွာရှိလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်ရေဝပ်ခြင်း၊ လမ်း ချော်ခြင်း၊ ရွှံ့နွံကျွံခြင်းတို့ကြောင့် သွားလာရေးခက်ခဲ၍ အန္တရာယ်များ စေသည်၊

(၂) စီမံချက်၏ရည်ရွယ်ချက်မှာ လက်ရှိအနေအထား၊ အခက်အခဲကို ပြေလည်စေလိုသည့် ဆန္ဒသဘောထားကို ဖော်ပြခြင်းဖြစ်ပါသည် (ဘာတွေဖြစ်ချင်တာလဲ)။ ဥပမာ ကျောက်ချောလမ်းခင်းခြင်းအားဖြင့် ရာသီမရွေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်၊

(၃) မျှော်မှန်းအကျိုးရလာဒ်များ။ ဖော်ပြပါ အခက်အခဲပြဿနာကို ဖြေရှင်းဖြည့်ဆည်းပေးခြင်းအားဖြင့် ထပ်ဆင့်ထွက်ရှိလာမည့် အကျိုးများကို ဆိုလိုပါသည် (ဘာတွေပိုကောင်းသွားမှာလဲ)။ ဥပမာ–ကျောက်ချောလမ်းရှိသဖြင့် ရာသီမရွေးကလေးများ အန္တရာယ်ကင်းစွာ ကျောင်းသွားနိုင်သည်။ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေသဖြင့် ဈေးကွက်သို့ အဆင်ပြေစွာ ရောက်ရှိနိုင်ပါသည်၊

(၄) စီမံချက်တွင်ပါဝင်သည့်ကိစ္စရပ်များနှင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ ။ ဥပမာ အကျယ်ပေ (၁၂)ပေ၊ အမြင့်၆လက်မ၊ အလျားပေ၃၀၀၀ရှိ ကျောက်ချောလမ်း ပြုလုပ်ခြင်း၊

(၅) အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်း။ ဥပမာ– ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်တီမှ ဦးဆောင်၍ ကျေးလက်လူထုမှ လုပ်အားစိုက်ထုတ်မည်ဖြစ်ပြီး လိုအပ်သည့်လမ်းခင်းကျောက်တန်ဖိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပံ့ပိုးပါမည်။ နည်းပညာအတွက် ကျေးလက်ဦးစီးမှ အကူအညီတောင်းပါမည်။

(၆) ရေရှည်တည်တံ့ရေးအတွက်အစီအမံများ။ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ငွေကြေးဆိုင်ရာအစီအမံများ၊ တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များကို ဖော်ပြရန် ဖြစ်ပါသည်။ ဥပမာ–နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းရေးအတွက် ထည့်ဝင်ငွေကို ကျေးရွာမှထည့်ဝင်ရန် စည်းရုံးလှုံ့ဆော် ကောက်ခံပါမည်။ မည်သည့် ကော်မတီကကောက်ခံပါမည် စသည်တို့ ဖော်ပြရန်ဖြစ်သည်။ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းစရိတ်တို့အတွက် စဉ်းစားရာတွင် အောက်ပါအခြေအနေများဖြင့် အသေးစိတ်ပြင်ဆင်ရန်လိုပါမည် –

(ကက) လုပ်ငန်းပုံမှန်လည်ပတ်ရေးနှင့်အသေးစားပြုပြင်စရိတ်၊

(ခခ) အကြီးစားပြင်ဆင်မှု၊

(ဂဂ) အရေးပေါ်အခြေအနေ(ဥပမာ–ရေဘေး၊ မီးဘေးစသည်တို့ကြောင့် ပျက်စီးခဲ့လျှင်)၊

(၇) စီမံချက်အကောင်အထည်ဖော်ရာတွင်ဆောင်ရွက်မည့်လုပ်ငန်းအဆင့်များ။ စီမံကိန်း အကောင်ထည်ဖော်ရာတွင် အဆင့်(၁) ဘာလုပ်မည်၊ အဆင့်(၂) ဘာလုပ်မည်စသည်ဖြင့် လုပ်ငန်းအစီအစဉ်ဖော်ပြခြင်းဖြစ်သည်။

(၈) စီမံချက်အတွက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုဇယား။ ၎င်းဇယားကို စီမံကိန်းအကောင်အထည်ဖော်ရေးစီမံချက်ပုံစံ (၁)တွင် ဖော်ပြထားပါသည်။

**(ခ) သက်ဆိုင်ရာ ဦးစီးဌာနက စီမံချက်အကြောင်းအရာများအား ဆန်းစစ်မည့် စံနှုန်းများ။**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက တင်ပြလာသော စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ အချက်အလက်များကို မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနများက ဆန်းစစ်သုံးသပ်မည်ဖြစ်ပါသည်။ ထိုသို့ဆန်းစစ်ရသည်မှာ-

(၁) လုပ်ငန်းအကောင်အထည်မဖော်မီ ပြင်ဆင်ရန် လိုအပ်သည်များ ပြန်လည်ပြင်ဆင်နိုင်ရန်၊

(၂) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် ကျေးရွာများ၏ စီမံချက်လုပ်ငန်းများအတွက် ခန့်မှန်းခြေကုန်ကျစရိတ်(estimate) များတွက်ချက်နိုင်ရန်၊

(၃) အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန် လိုအပ်သည်များရှိလျှင် ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ စိစစ်သုံးသပ်ချက်တွေ့ရှိချက်များအပေါ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဦးစီးဌာနတို့အကြား အကြေအလည် သဘောတူပြီးလျှင် အကောင်ထည်ဖော်ရန် အတည်ပြုခြင်းအဆင့် ဆက်လက်ဆောင်ရွက်ပါမည်။ အခြေခံမူအားဖြင့် အောက်ပါစံနှုန်းများအပေါ် ဆန်းစစ်ပါမည်-

(កក) အကျိုးသက်ရောက်မှုဆိုင်ရာ။ ကျေးရွာလူထုအများအတွက် အကျိုးသက်ရောက်မည့် စီမံချက်ဟုတ်/မဟုတ်၊ အချို့တဲ့ဆုံး၊ အလိုအပ်ဆုံး အိမ်ထောင်စုများကို ဦးစားပေး ဦးတည်ခြင်းရှိ/ မရှိ စသည်များ၊

(ခခ) ဘဏ္ဍာရေးဆိုင်ရာ။ ကျေးရွာထည့်ဝင်မှုများအတွက် ပမာဏနှင့် ၎င်းတို့ ရရှိအောင် စီစဉ်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပစ္စည်း၊ ဝန်ဆောင်မှုများ ဝယ်ယူငှားရမ်းမည့် ဈေးနှုန်းနှင့် တွက်ချက်မှုများ၊ ငွေကြေး စီမံခန့်ခွဲမည့် အစီအစဉ်စသည်များ သဘာဝကျမှု ရှိ/ မရှိ စိစစ်ပါမည်၊

(ဂဂ) နည်းပညာဆိုင်ရာ။ စီမံချက်အားဖော်ပြပါကာလအတွင်း အကောင်အထည်ဖော်ရန် သင့်တော်မှု ရှိ/မရှိ၊ စီမံချက်အကောင်အထည်ဖော်ရာတွင် နည်းပညာဆိုင်ရာအရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း

ကော်မတီအနေဖြင့် ဆောင်ရွက်နိုင်ခြေရှိ/မရှိ၊ လိုအပ်လျှင် ပြင်ပမှ နည်းပညာအကူအညီရယူရေး အစီအစဉ် ထိုသို့မဟုတ်လျှင် ငှားရမ်းမည့် အစီအစဉ်များ ရှိ/မရှိ၊ မည်သို့ဆောင်ရွက်မည် စသည်များ သုံးသပ်ပါမည်၊

(ဃဃ) <u>လူမှုရေးဆိုင်ရာ</u>။ အကောင်အထည်ဖော်မည့်စီမံချက်သည် ကျေးရွာလူထု၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ တန်ဖိုးထားမှု စံနှုန်းများအရ လက်ခံနိုင်မည့် စီမံချက်ဟုတ်မဟုတ်၊ ကျား/မအခွင့်အရေးဆိုင်ရာ သဘောတရားများနှင့် ကိုက်ညီမှု ရှိ/မရှိ စသည်များ သုံးသပ်ပါမည်၊

(ငင) <u>ပတ်ဝန်းကျင်ဆိုင်ရာ</u>။ အကောင်အထည်ဖော်မည့် စီမံချက်ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ ရှိ/မရှိ သုံးသပ်ပါမည်၊

(စစ) <u>ရေရှည်တည်တံ့ရေးအစီအစဉ်</u>။ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များရေးဆွဲထားခြင်း ရှိ/မရှိ သုံးသပ်ပါမည်။ (မှတ်ချက်။ ဆန်းစစ်လွှာကိုပုံစံ (၂) တွင် ဖော်ပြထားပါသည်။)

(ဂ) **သက်ဆိုင်ရာဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့အကြား ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခြင်း။**
စီမံကိန်းအချက်အလက်များအား စိစစ်အတည်ပြုပြီးနောက် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းခြင်းဆိုင်ရာသဘောတူလက်မှတ်ရေးထိုးရပါသည်။ သဘောတူလွှာတွင် ပါဝင်ရမည့် အချက်များကို ပုံစံ(၃) ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်တွင် ဖော်ပြထားပါသည်။

(ဃ) **စီမံချက်လက်တွေ့အကောင်ထည်ဖော်ရေး အစီအစဉ်အသေးစိတ် ပြင်ဆင်ခြင်းနှင့်အကောင်ထည်ဖော်ခြင်း**။ သက်ဆိုင်ရာ ဦးစီးဌာနမှ ဖွံ့ဖြိုးရေးရန်ပုံငွေ လက်ခံရရှိပြီးလျှင်ပြီးခြင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် (လိုအပ်လျှင် ကျေးရွာ၏ အခြားအကောင်ထည်ဖော်မည့်အဖွဲ့နှင့်အတူ) လုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် အသေးစိတ်ဆွဲရန်ဖြစ်သည်။ ၎င်းလက်တွေ့ အကောင်အထည်ဖော်မည့် အစီအစဉ်ရေးဆွဲရာ၌ ယခင်ကပြင်ဆင်ခဲ့သည့် စီမံချက် အကြောင်းအရာ ပုံစံ (၁) ပါ အကောင်အထည်ဖော်ရေးအဆင့်များကို ပြန်လည် ကိုးကားရေးဆွဲ

ရန်ဖြစ်ပါသည်။ အကောင်အထည်ဖော်ရေး အစီအစဉ်ကို အောက်ပါအတိုင်း ရေးဆွဲပါမည် –

| လုပ်ငန်း | စတင်မည့်ရက် | ပြီးဆုံးမည့်ရက် | တာဝန်ယူဆောင်ရွက်မည့်သူ/အဖွဲ့ |
|---|---|---|---|
| စီမံကိန်းအကြောင်းအရာပြင်ဆင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းဝေးများ | | | |
| စီမံကိန်းအကြောင်းအရာကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း | | | |
| စီမံကိန်းအတည်ပြုချက်ရယူနိုင်ရန်လိုအပ်သည်များဆောင်ရွက်ခြင်း (မရှင်းသည်များဖြေကြားခြင်း၊ပြင်ရန်လိုသည်များပြန်လည်ပြင်ဆင်ခြင်း စသည်) | | | |
| ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဘဏ်စာရင်းဖွင့်ခြင်း | | | |
| ဦးစီးဌာနသို့ရန်ပုံငွေတောင်းခံလွှာတင်ခြင်း | | | |
| လုပ်ငန်းများလက်တွေ့အကောင်အထည်ဖော်ခြင်း<br>○ xx<br>○ xx | | | |
| လုပ်ငန်းပြီးစီးမှုလစဉ်အစီရင်ခံခြင်း | | | |
| စီမံကိန်းအကောင်ထည်ဖော်မှုပြီးစီးခြင်း<br>○ စီမံကိန်းပြီးစီးမှုအခြေအနေ၊ငွေကြေးရှင်းတမ်းများအားကျေးရွာလူထုနှင့် ဦးစီးဌာနသို့တင်ပြခြင်း<br>○ ဦးစီးဌာနကစီမံကိန်းပြီးစီးမှုအားလေ့လာဆန်းစစ်ခြင်း<br>(လိုအပ်လျှင်)<br>လုပ်ငန်းလည်ပတ်ရေး၊ ရေရှည်ပြုပြင် | | | |

| လုပ်ငန်း | စတင်မည့် ရက် | ပြီးဆုံးမည့် ရက် | တာဝန်ယူ ဆောင်ရွက်မည့် သူ/အဖွဲ့ |
|---|---|---|---|
| ထိန်းသိမ်းရေးတို့အတွက်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီက အခြား အကောင်အထည်ဖော်မည့် ကော်မတီ(သို့)ဌာနသို့ လုပ်ငန်း လွှဲပြောင်းပေးအပ်ခြင်း | | | |

(င) **ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုများငှားရမ်းခြင်း(Procurement)။** ဤလုပ်ငန်းစဉ်အားဖော်ပြရာတွင် အခြေခံအဆောက်အဦများ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းကဲ့သို့သော စီမံကိန်းလုပ်ငန်းများအတွက် အများအားဖြင့်သက်ဆိုင်ပါမည်။ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းစဉ် စီစဉ် ဆောင်ရွက်ပုံနည်းလမ်းမှာ စီမံချက်အား အကောင်အထည်ဖော်မည့် နည်းလမ်းပေါ်တွင် မူတည်ပါသည်။ အကောင်အထည်ဖော်ရေး နည်းလမ်း(၂)မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) **လူထုကိုယ်တိုင်ကြီးကြပ်အကောင်အထည်ဖော်ခြင်း။** စီမံချက်တစ်ခုလုံးကိုဖြစ်စေ၊ စီမံချက်အစိတ်အပိုင်း အများစုကိုဖြစ်စေ ကျေးရွာလူထုကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤနည်းလမ်းဖြင့် လုပ်ငန်းများကိုအကောင်အထည်ဖော်ရာတွင် လိုအပ်သည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက တာဝန်ယူ ဝယ်ယူမည်၊ စုဆောင်းမည်။

(၂) **ကန်ထရိုက်ငှားရမ်းဆောင်ရွက်ခြင်း။** စီမံချက်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းအချို့ကိုဖြစ်စေ ကန်ထရိုက်တစ်ဦးဦးကို ရွေးချယ်၍ ပုတ်ပြတ်စနစ်ဖြင့် လုပ်ငန်းကို အပ်နှံဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(စ) **ဝယ်ယူ၊ငှားရမ်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

(၁) **ဝယ်ယူရေးဆပ်ကော်မတီ။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (သို့) အကောင်အထည်ဖော်မည့် ကော်မတီ၏ အစိတ်အပိုင်းအဖြစ် ဝယ်ယူရေးဆပ်ကော်မတီကို ဖွဲ့စည်းရမည်။ ဝယ်ယူရေးဆပ်ကော်မတီတွင် ဖွဲ့စည်းရာ

တွင် အနည်းဆုံး အမျိုးသမီး (၁) ဦး ပါဝင်ရမည်ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဥက္ကဋ္ဌ ကိုယ်စားလှယ် (၁)ဦး
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ စာရင်းကိုင် ကိုယ်စားလှယ် (၁)ဦး
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဘဏ္ဍာရေးမှူး ကိုယ်စားလှယ် (၁)ဦး

ဝယ်ယူရေးကော်မတီသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် သက်ဆိုင်သည့် ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း၊ တင်ပြအတည်ပြုချက် ရယူခြင်း၊ ငွေကြေးကိုင်တွယ်အသုံးပြုခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း၊ အစီရင်ခံခြင်းနှင့် စာရင်းစစ်ဆေးခံယူခြင်း အစရှိသည့် ကိစ္စများကို ဆောင်ရွက်ရပါမည်။

(၂) **ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း။** ဝယ်ယူမည့်ပစ္စည်း (အရေ အတွက်၊ အမျိုးအစား)၊ ငှားရမ်းမည့်အဖွဲ့၊ ခန့်မှန်းကုန်ကျစရိတ်၊ လိုအပ်သည့် နေ့ရက်စသည်တို့ကို ပြင်ဆင်ရန်ဖြစ်ပါသည်။ လိုအပ်လျှင်ကျွမ်းကျင်သူ၏ နည်းပညာအကူအညီရယူရန် ဖြစ်ပါသည်။ (ဥပမာ-ပစ္စည်းအမျိုးအစား သတ်မှတ်ခြင်းကဲ့သို့သော ကိစ္စများအတွက်)။ ဝယ်ယူရေးအစီအစဉ်ကို ဝယ်ယူရေးဆပ်ကော်မတီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီထံ တင်ပြပြီး အတည်ပြုချက်ရယူရန်ဖြစ်သည်။(ပုံစံ-၆)

(၃) **ဈေးနှုန်းစုံစမ်းခြင်း။** ဈေးနှုန်းစုံစမ်းခြင်းကို ပစ္စည်းနှင့် ဝန်ဆောင်မှုများ လိုအပ်သည့် အချိန်ထက်(၂)ပတ်ခန့် ကြိုတင်စုံစမ်းရန် လိုပါသည်။ ဈေးနှုန်းစုံစမ်းရာတွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းရမည်။ စုံစမ်းရာတွင် လိုအပ်သည့်ပစ္စည်းများကို အမျိုးအစားအလိုက် အရေအတွက်၊ အရည်အသွေးများဖော်ပြရန်၊ ပစ္စည်းရလိုသည့် နေ့ရက်တို့ ဖော်ပြရပါမည်။ ဈေးနှုန်းစုံစမ်းရာတွင် အနည်းဆုံးဆိုင်(၃)ဆိုင်ကို ဈေးနှုန်းစုံစမ်းခြင်းပြုရမည်။ ဈေးနှုန်းစုံစမ်းခြင်းကို ပုံစံ(၇)ဖြင့် ဖော်ပြထားပါသည်၊

(၄) **ဈေးနှုန်းအဆိုပြုလွှာအကဲဖြတ်ခြင်း။** ဈေးနှုန်းစုံစမ်းခဲ့သော ဆိုင်(၃)ဆိုင်မှ ဈေးနှုန်များကို အများရှေ့တွင် ဖတ်ကြားတင်ပြဆွေးနွေးရွေးချယ်ရမည်။ ပုံမှန်အားဖြင့် ဈေးနှုန်းအနည်းဆုံးအဆိုပြုလွှာကို ရွေးချယ်ရန်ဖြစ်သည်။ ဈေးနှုန်း

အနည်းဆုံး မဟုတ်သော်လည်း အခြားဆီလျော်သင့်မြတ်သည့် အကြောင်း ရှိလျှင် အများသဘောတူရွေးချယ်နိုင်ပါသည်။ အဘယ်ကြောင့် ရွေးချယ် ရ သည်ကို အစည်းဝေးမှတ်တမ်းတွင်မှတ်တမ်းတင်ရမည်။ (ပုံစံ-၈)

ဝယ်ယူရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာစွာ ရွေးချယ် ဆောင်ရွက်ရမည်။

**ရန်ပုံငွေလွှဲပြောင်းပေးခြင်း**

၁၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ်ငွေထုတ်စာရင်း(MD)သို့ (DL)ဖြင့် ငွေလွှဲပို့ပေးသွားပါမည်။ မြို့နယ်ငွေထုတ်စာရင်း(MD)မှ မြို့နယ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အမည်ဖြင့် ဖွင့်လှစ်ထားသည့် စာရင်းရှင်သို့ လွှဲပြောင်းဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းမှတဆင့် စီမံကိန်း ကျေးရွာအမည်ဖြင့် ဖွင့်လှစ်ထားသည့် စာရင်းရှင်သို့ လွှဲပြောင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။




၁၅။ စီမံကိန်းကျေးရွာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အမည်ဖြင့် ဘဏ်စာရင်း(စာရင်းရှင်)ဖွင့်ရမည်။ စီမံကိန်းကျေးရွာများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်မည့်အချိန်တွင် မြို့နယ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာရင်းရှင်မှ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာရင်းရှင်သို့ ရန်ပုံငွေ လွှဲပြောင်းပေးရမည်။ ၎င်း စာရင်းရှင်မှ ငွေသွင်း/ငွေထုတ်ပြုလုပ်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များ မှ ကိုယ်စားလှယ်(၃)ဦးအနက် (၂)ဦးဖြင့် ပူးတွဲလက်မှတ်ရေးထိုး၍ ဆောင်ရွက်ရန်ဖြစ်သည်။

**ရန်ပုံငွေထိန်းသိမ်းခြင်း**

၁၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကို အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့စီးပွားရေးဘဏ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအမည်ဖြင့် စာရင်းရှင်ဖွင့်လှစ်ထားပြီး ငွေသွင်းငွေထုတ်လုပ်ငန်းများ ဆောင်ရွက်ရမည်၊

( ခ ) ဘဏ်မှထုတ်ယူလာသော ရံပုံငွေများကို ငွေထိန်းသေတ္တာထဲသို့ ချက်ချင်း ထည့် သွင်းပြီး ယာယီထိန်းသိမ်းထားရမည်၊

( ဂ ) သေတ္တာတွင်းယာယီထိန်းသိမ်းမှုကို အများဆုံး(၃)ရက်ထက် မကျော်လွန်စေရ၊

(ဃ) သေတ္တာထဲတွင် အရေးပေါ် အသေးသုံးများအတွက် အနည်းဆုံး ထိန်းသိမ်းထား ရှိရမည့် ငွေပမာဏကို ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထားရှိရမည်၊

( င ) ငွေထိန်းသေတ္တာကို သော့ခလောက်(၂)ခုဖြင့်ပိတ်ကာ ၎င်းအတွက် သော့များကို သော့ကိုင်သူ (၂) ဦး ခွဲဝေသိမ်းဆည်းပေးထားရမည်၊

( စ ) စာရင်းကိုင်မှငွေကြေးအဝင်အထွက်ကိုပုံမှန်ရေးသွင်းရမည်၊

(ဆ) ချက်လက်မှတ်စာအုပ်ကို ငွေသေတ္တာတွင် ထိန်းသိမ်းထားရမည်၊

( ဇ ) ဘဏ္ဍာရေးမှူးသည် လစဉ်ပုံမှန်အစည်းအဝေး ကျင်းပသည့်နေ့အထိ ရေးသွင်းထားသော ငွေစာရင်းကို စိစစ်ပြီး ငွေစာရင်းအစီရင်ခံစာပြုလုပ်၍ ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူကာ လစဉ်အစည်းအဝေးတွင် တင်ပြရမည်၊

(ဈ) ဘဏ္ဍာရေးမှူးသည် ငွေစာရင်းစာအုပ်နှင့်အတူ ငွေပေးရမည့် ပြေစာများ၊ ချက်လက်မှတ်စာအုပ်များကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။ စာရင်းစစ်က တောင်းခံလာလျှင် ပြည့်စုံစွာတင်ပြနိုင်ရမည်။

**အသုံးစရိတ်များထုတ်ပေးခြင်း**

၁၇။ ငွေထုတ်ပေးခြင်းကိုအောက်ပါနည်းလမ်းများထဲမှတစ်ခုခုကိုအသုံးပြုနိုင်သည် -

(က) ချက်လက်မှတ်ဖြင့်ပေးချေခြင်း

(၁) ပစ္စည်းဝယ်ခြင်း၊ ဝန်ဆောင်မှုငှားရမ်းခြင်းတို့အတွက် ကန်ထရိုက် စာချုပ် ချုပ်ဆိုထားသူများသို့ ချက်လက်မှတ်ဖြင့် ပေးချေနိုင်ပါသည်။ ဆောင်ရွက်ရမည့် အဆင့်များမှာ -

(ကက) စာချုပ်ချုပ်ဆိုထားသူများထံမှငွေတောင်းခံလွှာလက်ခံရရှိခြင်း၊

( ခ ခ ) ငွေပေးပြေစာပြင်ဆင်ခြင်း၊

(ဂ ဂ ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (သို့) အကောင်အထည်ဖော်ရေးကော်မတီထံတင်ပြခြင်း၊ အတည်ပြုချက်ယူခြင်း၊

(ဃဃ) ချက်လက်မှတ်ရေးသားပြင်ဆင်ခြင်း။

( ခ ) ငွေသားဖြင့်ပေးချေခြင်း။ ချက်လက်မှတ်ဖြင့်ပေးချေခြင်း မပြုသော ကိစ္စများအတွက်ငွေသားဖြင့်ပေးချေနိုင်ပါသည်။ ဆောင်ရွက်ရမည့်အဆင့်များမှာ -

(၁) လိုအပ်သည့်အထောက်အထားများနှင့်အတူငွေပေးပြေစာပြင်ဆင်ခြင်း၊

(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (သို့) အကောင်အထည်ဖော်ရေး ကော်မတီထံ တင်ပြခြင်း၊ အတည်ပြုချက်ယူခြင်း၊

(၃) ချက်လက်မှတ်ရေးသားပြင်ဆင်ခြင်း၊

(၄) ဘဏ်မှငွေသားထုတ်ယူခြင်း၊

(၅) ငွေပေးချေခြင်း(ပေးချေမှုတိုင်းအားငွေလက်ခံရရှိသူ၏လက်မှတ်ရယူရန်)

( ဂ ) လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများအတွက် လုပ်အားခပေးချေရမည်ဆိုပါက လုပ်ခပေးချေမှု ဇယားပြင်ဆင်အသုံးပြုရမည်။ ငွေလက်ခံရရှိသူတိုင်း၏လက်မှတ်ကိုရယူထားရမည်။

(ဃ) အထွေထွေအသုံးစရိတ်

(၁) လုပ်ငန်းအထွေထွေ အသေးသုံးစရိတ်အတွက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် လက်မှတ်ဖြင့်သာ ထုတ်ယူသုံးစွဲခွင့်ရှိသည်၊

(၂) ဥက္ကဋ္ဌ မအားလပ်ပါက အတွင်းရေးမှူး၏ ခွင့်ပြုချက်လက်မှတ်ဖြင့်သာ ထုတ်ယူသုံးစွဲခွင့် ရှိသည်။

(၃) လက်မှတ်ရေးထိုးသူကိုယ်တိုင်ထုတ်ယူသုံးစွဲခွင့်မရှိဟုဆိုလိုခြင်းဖြစ်သည်။

( င ) စာရင်းဇယားများ၊ မှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိခြင်း။ ကော်မတီတွင် အနည်းဆုံး အောက်ပါမှတ်တမ်းစာအုပ်များကို စနစ်တကျထားရှိပြီး ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ရပါမည်-

(၁) အစည်းအဝေးမှတ်တမ်းစာအုပ်၊

(၂) ငွေစာရင်းစာအုပ်၊

(၃) ဘဏ်စာအုပ်။

**စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် အစီရင်ခံခြင်း**

၁၈။ စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လုပ်ငန်းပြီးစီးအောင်မြင်မှု ဆန်းစစ်ခြင်း (Physical progress)နှင့် ငွေကြေးဆိုင်ရာဆန်းစစ်ခြင်း (Financial status) တို့ ဆောင်ရွက်ကြပါမည်။ လေ့လာဆန်းစစ်ရာတွင် စီစဉ်ရေးဆွဲခဲ့သော လုပ်ငန်းအကောင်အထည်ဖော်ရေးအစီအစဉ်ကို အခြေခံ၍ လေ့လာပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ပြီး တိုးတက်မှုနှင့် အကောင်အထည်ဖော်မှုအခြေအနေတို့ကို လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာဖြင့် သက်ဆိုင်ရာဦးစီးဌာနနှင့် ကျေးရွာလူထုသို့ အစီရင်ခံရန်ဖြစ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနက အစီရင်ခံစာအား လေ့လာသုံးသပ်ခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ပြုလုပ်ပြီး လိုအပ်လျှင် ကူညီမှုများ၊ ပြင်ဆင်မှုများ ပြုလုပ်ကြပါမည်။ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးဆိုင်ရာ အခြေအနေတို့ကို လစဉ်အစီရင်ခံစာဖြင့် သတင်းထုတ်ပြန်ရန် ပုံစံ(၁၁)တွင် ဖော်ပြထားပါသည်။

## စီမံချက်အကောင်အထည်ဖော်မှုပြီးစီးကြောင်းအစီရင်ခံခြင်း

၁၉။ စီမံချက် အကောင်အထည်ဖော်သည့် လုပ်ငန်းများအားလုံး ပြီးစီးလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီက စီမံချက်ပြီးစီးကြောင်းအစီရင်ခံစာဖြင့် သက်ဆိုင်ရာ မြို့နယ် ဦးစီးရုံး၊ ဦးစီးမှူးထံ အကြောင်းကြားရန်ဖြစ်သည်။ လုပ်ငန်းပြီးစီးမှုအစီရင်ခံစာတွင် ပြီးစီးမှု အခြေအနေ အသေးစိတ်နှင့် ငွေစာရင်းရှင်းတမ်းများပါ ထည့်သွင်းဖော်ပြရပါမည်။ ၎င်းရှင်းတမ်း များကို ကျေးရွာလူထုသိရှိနိုင်ရန်အတွက် ရှင်းလင်းထုတ်ပြန်ပေးရန်အရေးကြီးပါသည်။ ရွာလူထု အစည်းအဝေးဖြင့်ရှင်းလင်းခြင်း၊ ကျေးရွာကြော်ငြာသင်ပုန်း အခြားအများမြင်လွယ်မည့် နေရာ များတွင် ကပ်ခြင်းစသည့် နည်းလမ်းများဖြင့် အစီရင်ခံရပါမည်။

၂၀။ သက်ဆိုင်ရာ ဦးစီးဌာနဦးစီးမှူး (သို့) တာဝန်ပေးထားသူက ကွင်းဆင်းလေ့လာပြီး စီမံကိန်း လုပ်ငန်းပြီးစီးမှုကို အတည်ပြုရန်ဖြစ်သည်။ ပြီးစီးမှုအား ကွင်းဆင်းလေ့လာရာတွင် လုပ်ငန်းပြီးစီးမှုကို အရေအတွက်အတိုင်းအတာအရ အပြင်အရည်အသွေးအားဖြင့်ပါ လေ့လာရ ပါမည်။ ထို့အပြင် ကော်မတီ၏ ငွေကြေးရှင်းတမ်း၊ ဘဏ်စာရင်းရှင်းတမ်းများကိုပါစစ်ဆေးပြီး လုပ်ငန်းပိတ်သိမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းပြီးစီးမှု စစ်ဆေးခြင်းကို ပုံစံ (၁၂) တွင် ဖော်ပြထားပါသည်။

## ချပြရှင်းလင်းခြင်းများဆောင်ရွက်ခြင်း

၂၁။ စီမံကိန်းကျေးရွာများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ခဲ့ သည့် လုပ်ငန်းများ၏ ဆောင်ရွက်ခဲ့မှုများ၊ ဘဏ္ဍာရေးရှင်းတမ်းများအား ကျေးရွာလူထုသို့ ကျေးရွာအစည်းအဝေးပြုလုပ်၍ ချပြရှင်းလင်းခြင်း ဆောင်ရွက်ရမည်။ တက်ရောက်သူများ၏ လက်မှတ်ရေးထိုးထားသည့် အစည်းအဝေးမှတ်တမ်းများ၊ ဓာတ်ပုံများ ရယူထားရမည်။ ဘဏ္ဍာ ရေးရှင်းတမ်းများအား ကျေးရွာလူထု ကြည့်ရှုနိုင်အောင် မြင်သာသောနေရာတွင် ကပ်ထား ရမည်။

## ဖွံ့ဖြိုးရေးလုပ်ငန်းများအား လွှဲအပ်ခြင်း

၂၂။ ကျေးရွာမှ ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်ပြုပြင်ထိန်းသိမ်းခြင်း များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကော်မတီ၊ ဦးစီးဌာနများသို့ ဘဏ္ဍာရေးနှစ်အတွင်း လွှဲပြောင်း အပ်နှံရမည်။

## ရန်ပုံငွေပိတ်သိမ်းခြင်း

၂၃။ စီမံကိန်းလုပ်ငန်းများ ချပြရှင်းလင်းခြင်း၊ လုပ်ငန်းများလွှဲပြောင်းအပ်နှံပြီးပါက ဦးစီးဌာန ၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ စီးပွားရေးဘဏ်တွင် ကျေးရွာအမည်ဖြင့် ဖွင့်လှစ်ထားသည့် စာရင်းရှင်အား ပိတ်သိမ်းရမည်။

## AVIP ပုံစံများ

ပုံစံ (၁)

### စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

<table>
<tr><td colspan="2">ကျေးရွာ –<br>ကျေးရွာအုပ်စု –<br>မြို့နယ် –<br>တိုင်းဒေသကြီး / ပြည်နယ် –</td></tr>
<tr><td colspan="2">စီမံချက်အမည် –</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• xxxxxxxxx(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား)</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့်ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

## စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ) |
| (၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |

ပုံစံ(၂)

# အဆိုပြုစီမံချက်အကြောင်းအရာများဆန်းစစ်ချက်

**စီမံချက်အမည်–**

**ကျေးရွာ –** **မြို့နယ် –** **တိုင်းဒေသကြီး/ပြည်နယ် –**

**(က) အကျိုးသက်ရောက်မှုဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| လူအများကိုအကျိုးပြုသလား | | | |
| ဆင်းရဲသားများအကျိုးခံစားရသလား | | | |
| စီမံကိန်းရည်မှန်းချက်ရောက်ရှိနိုင်သလား | | | |

**သုံးသပ်တွေ့ရှိချက်များ**

..........................................................................................................

..........................................................................................................

..........................................................................................................

**(ခ) ဘဏ္ဍာရေးဆိုင်ရာစံနှုန်း**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| အဆိုပြုရန်ပုံငွေပမာဏသည်လုပ်ငန်းအတွက်သင့်တော်သည့်ပမာဏဖြစ်သလား | | | |
| ဘတ်ဂျက်တွင် ဖော်ပြထားသော အသုံးစရိတ်အမျိုးအစားများသည် လုပ်ငန်းနှင့်ဆီလျော်ရဲ့လား | | | |
| တစ်ယူနစ်တန်ဖိုးဖော်ပြထားသလား | | | |
| ကျား/မလုပ်အားခတန်းတူသတ်မှတ်ထားသလား | | | |
| အသုံးစရိတ်အကြောင်းအရာ တစ်ခုချင်း၏ တစ်ယူနစ်တန်ဖိုးသည် လက်ရှိပေါက်ဈေးနှင့်ကိုက်ညီသလား | | | |

**သုံးသပ်တွေ့ရှိချက်များ**

.............................................................................................................

.............................................................................................................

.............................................................................................................

**(ဂ) နည်းပညာဆိုင်ရာ**

| | ရှိ | မရှိ | မသိ |
|---|---|---|---|
| နည်းပညာဆိုင်ရာအရဖြစ်နိုင်ခြေရှိရဲ့လား | | | |
| ဤလုပ်ငန်းဆောင်ရွက်ရန်ကျေးရွာလူထုတွင်အတွေ့အကြုံရှိရဲ့လား | | | |
| လုပ်ငန်းလုပ်ဆောင်ရန်အတွက်လူ့အရင်းအမြစ်နှင့်ပစ္စည်းရရန်လွယ်ကူမှုရှိရဲ့လား | | | |
| ပြုပြင်ထိန်းသိမ်းရေးနှင့်လုပ်ငန်းလည်ပတ်ရေးအစီအစဉ်ရှိရဲ့လား | | | |

**သုံးသပ်တွေ့ရှိချက်များ**

.............................................................................................................

.............................................................................................................

.............................................................................................................

**(ဃ) လူမှုရေးဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းသည်အမျိုးသမီးများကိုအကျိုးပြုမည်လား | | | |
| စီမံကိန်းသည်ထိခိုက်သက်ရောက်လွယ်သောအုပ်စုကိုအကျိုးပြုမည်လား | | | |
| စီမံကိန်းကြောင့်အစုအဖွဲ့တစ်ခုခုကိုထိခိုက်မည်လား | | | |
| | | | |

**သုံးသပ်တွေ့ရှိချက်များ**

.............................................................................................................

.............................................................................................................

.............................................................................................................

**(င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိမည်လား | | | |
| ထိခိုက်နိုင်မှုများအတွက်ကြိုတင်ကာကွယ်ရေးအစီအမံများရှိရဲ့လား | | | |

**သုံးသပ်တွေ့ရှိချက်များ**

........................................................................................................................

........................................................................................................................

........................................................................................................................

**ဆုံးဖြတ်ချက်**

| ဆုံးဖြတ်ချက် | ရှင်းလင်းဖော်ပြချက် |
|---|---|
| • အတည်ပြု | |
| • ပြင်ဆင်ရန် | |
| • ပယ်ချ | |

**စဉ် အမည် တာဝန် လက်မှတ်**

(၁)

(၂)

(၃)

**ပုံစံ(၃)**

# ဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးခြင်းဆိုင်ရာသဘောတူညီချက်

ဖွံ့ဖြိုးရေးလုပ်ငန်းအမည် ------------------------------------------
ကျေးရွာ ------------------------------------------
ကျေးရွာအုပ်စု ------------------------------------------
မြို့နယ် ------------------------------------------
တိုင်းဒေသကြီး /ပြည်နယ် ------------------------------------------
ရက်စွဲ ------------------------------------------
လွှဲပြောင်းပေးမည့်ငွေပမာဏ
(ဂဏန်းဖြင့်)……………………..(စာဖြင့်)………………………………

--------------------------- ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် -----
-------------------------- မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနတို့သည် အောက်ဖော်ပြပါအတိုင်း သဘောတူညီကြပါသည်-

၁။ သက်ဆိုင်ရာဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းကော်မတီ ဘဏ်စာရင်းသို့ ဤသဘောတူလက်မှတ်ရေးထိုးပြီး (၂)ပတ်အတွင်း အထက်တွင်ဖော်ပြထားသော ငွေပမာဏကို လွှဲပေးပါမည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေကို အတည်ပြုထားသည့် အဆိုပြုလုပ်ငန်းမှတပါး အခြားလုပ်ငန်းများတွင် မသုံးရ။

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်၍ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ရပါမည်။

၄။ သက်ဆိုင်ရာဦးစီးဌာနက ပြဋ္ဌာန်းသည့် လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။

ဦးစီးမှူး ဥက္ကဋ္ဌ

………………………………..ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

**ပုံစံ (၄)**

## ဖွံ့ဖြိုးရေးရန်ပုံငွေတောင်းခံလွှာ

မြို့နယ် ----------------------------------

ကျေးရွာအုပ်စု ----------------------------------

ကျေးရွာ ----------------------------------

စီမံချက်အမည် ----------------------------------

တောင်းခံငွေပေါင်း ----------------------------------

**ဘဏ်စာရင်းဆိုင်ရာအချက်အလက်အသေးစိတ်**

စာရင်းအမည် –

စာရင်းအမှတ် –

ဘဏ်အမည် –

ဘဏ်လိပ်စာ –

ရန်ပုံငွေလွှဲပြောင်းပေးရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည့် နေ့စွဲ –

(သဘောတူညီချက်မိတ္တူပူးတွဲ၍)

| **စဉ်** | **အမည်** | **ရာထူး** | **မှတ်ပုံတင်အမှတ်** |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |

**တင်ပြသူများ**

| **စဉ်** | **အမည်** | **ရာထူး** | **မှတ်ပုံတင်အမှတ်** | **လက်မှတ်** |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |

**ပုံစံ (၅)**

**ငွေစာရင်းမှတ်တမ်း**

------------------ လ

| နေ့စွဲ | အကြောင်းအရာ | ဘောက်ချာအမှတ် | ရငွေ | ပေးငွေ | လက်မှတ် |
|---|---|---|---|---|---|
| | | | | | |

**စဉ် အမည် တာဝန် လက်မှတ်**

(၁)

(၂)

(၃)

**ပုံစံ (၆)**

## ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း

ရက်စွဲ -

| စဉ် | ဝယ်ယူရမည့်ပစ္စည်းအမျိုးအစား | အရေအတွက် | ဈေးနှုန်း | သင့်ငွေ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**မှတ်ချက်။** ဝယ်ယူမည့် ပစ္စည်းအမျိုးအစား ဖော်ပြရာတွင် ပစ္စည်းအမည်နှင့် ၎င်းပစ္စည်းများ အလိုက် လိုအပ်သော အရည်အသွေး၊ အရွယ်အစားစသည့် အသေးစိတ် အချက်အလက်များကို ဖော်ပြရန်လိုအပ်ပါသည်။

**ပြုစုတင်ပြသူ**

**စဉ်　အမည်　တာဝန်　လက်မှတ်**

(၁)

(၂)

(၃)

**အတည်ပြုသူ**

**စဉ်　အမည်　တာဝန်　လက်မှတ်**

(၁)

**ပုံစံ (၇)**

# ဈေးနှုန်းစုံစမ်းခြင်းအတွက် ရေးသွင်းရန်ပုံစံ

ဆိုင်အမည် ၊ ……………………………………………………………………..

လိပ်စာ၊ ဖုန်းနံပါတ် ……………………………………………………………………..

| စဉ် | အမျိုးအမည်/အမျိုးအစား | အရေအတွက် | *တစ်ခုဈေးနှုန်း | *စုစုပေါင်းဈေးနှုန်း | စုံစမ်းသည့်နည်းလမ်း (ဖုန်း/ကိုယ်တိုင်) | သယ်ယူစရိတ် ပါ /မပါ | လိုအပ်သည့်နေ့ ပေးပို့နိုင်ခြင်း ရှိ/မရှိ | *စံချိန်၊ စံညွှန်း လိုအပ်ချက် ကိုက်ညီမှု (ရှိ/မရှိ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | | | | | | | | | |
| ၂ | | | | | | | | | |
| ၃ | | | | | | | | | |
| ၄ | | | | | | | | | |
| ၅ | | | | | | | | | |
| ၆ | | | | | | | | | |
| ၇ | | | | | | | | | |
| ၈ | | | | | | | | | |
| | **စုစုပေါင်းဈေးနှုန်း** | | | | | | | | |

**မှတ်ချက် ။ ။ (*) ဆိုင်ရှင်ဈေးနှုန်းအား မေးမြန်းပြီးမှ ဖြည့်သွင်းရန်၊**

**ဈေးနှုန်းစုံစမ်းသူ**

လက်မှတ် ၊ ……………………………………

အမည်၊ ……………………………………….

တာဝန်၊ ……………………………………….

ရက်စွဲ ၊ ……………………………………….

**ဆိုင်ရှင်**

လက်မှတ်၊ ……………………………………(ရနိုင်လျှင်)

အမည် ၊ ………………………………………..

**ပုံစံ (၈)**

**ဈေးနှုန်းအဆိုပြုလွှာအကဲဖြတ်ရွေးချယ်ခြင်း**

စီမံကိန်းလုပ်ငန်းအမည် ______________________________________

ဝယ်ယူ/ငှားရမ်းသည့်ပစ္စည်း/လုပ်ငန်း______________________________

ခန့်မှန်းကုန်ကျငွေ (စီမံချက်ပါအတိုင်း) ____________________________

ကြော်ငြာခဲ့သည့်ရက်အရေအတွက် (......................)ရက်၊ .......................မှ ......................ထိ

လျှောက်ထားလာသူများစာရင်း (ဈေးနှုန်းအနိမ့်ဆုံးမှအမြင့်ဆုံးအစဉ်လိုက်စီရန်)

| စဉ် | လျှောက်ထားလာသူအမည် | လိပ်စာ/ ဖုန်းနံပါတ် | အဆိုပြုလွှာ ကြော်ငြာ/ ပေးပို့သည့်နေ့ | လျှောက်လွှာ လက်ခံ ရရှိသည့်နေ့ | အဆိုပြုသည့်ဈေးနှုန်း | အဆင့် |
|---|---|---|---|---|---|---|
| | | | | | | ၁ |
| | | | | | | ၂ |
| | | | | | | ၃ |
| | | | | | | ၄ |
| | | | | | | ၅ |

**ဆွေးနွေးချက်များ**

| စဉ် | တင်ပြဆွေးနွေးသူအမည်/ စီမံကိန်းရာထူး/အလုပ်အကိုင် | ဆွေးနွေးတင်ပြသည့်အကြောင်းအရာများ |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |

အကယ်၍ ဈေးနှုန်းအနည်းဆုံး တင်သွင်းလိုသူအား မရွေးချယ်ဘဲ အခြားတစ်ဦးကို ရွေးချယ်ခဲ့သော် မည်သည့်အတွက်ကြောင့် ရွေးချယ်ရသည်ကို အောက်တွင်အသေးစိတ်ရှင်းပြပါ။

| | |
|---|---|
| ရွေးချယ်ခံရသူအမည်/နေရပ်လိပ်စာ | |
| စုစုပေါင်းဈေးနှုန်း (ကျပ်) | |
| သဘောတူစာချုပ်ချုပ်ဆိုမည့်နေ့ | |
| စာချုပ်မချုပ်ဆိုမီသီးခြားဆွေးနွေးရန်လိုအပ်သောအချက်များ | |
| ရွေးချယ်ခံရသူနှင့်ပတ်သက်၍မကျေနပ်သူများ/<br>အငြင်းပွားစရာများရှိပါကဖော်ပြရန်။ | |

လက်မှတ်၊

အမည်၊...............................

လက်မှတ်၊

အမည်၊...............................

**ပုံစံ (၉)**

## တည်ဆောက်ရေးလုပ်ငန်းများအတွက် ကန်ထရိုက်ငှားရမ်းရေးသဘောတူစာချုပ်ချုပ်ဆိုခြင်း

**(နမူနာ)**

## "နှစ်ဦးသဘောတူစာချုပ်"

ကျေးရွာ/အုပ်စု/မြို့နယ် ..........................................................................

စီမံကိန်းလုပ်ငန်းခွဲအမည်၊ ..........................................................................

ကန်ထရိုက်အမည်နှင့်လိပ်စာ၊.........................................................................

၁။ ဤစာချုပ်သည် ဖော်ပြပါစီမံကိန်း၏ ဝယ်ယူရေးဆပ်ကော်မတီ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ (နောင်တွင်"လုပ်ငန်းအပ်နှံသူများ"ဟူ၍သုံးမည်)တို့နှင့် ဦး/ဒေါ်.............၊ မှတ်ပုံတင်အမှတ်၊.......................လိပ်စာ၊ ........................... (နောင်တွင် "ကန်ထရိုက်တာ" ဟူ၍သုံးမည်) တို့ နှစ်ဘက် သဘောတူချုပ်ဆိုသည်။

၂။ လုပ်ငန်းအပ်နှံသူများနှင့် ကန်ထရိုက်တာတို့သည် အောက်ပါ အချက်အလက်များကို သဘောတူညီပါသည်

(က) လုပ်ငန်းအပ်နှံသူများအနေဖြင့် လုပ်ငန်းလက်ခံသူအား လုပ်ငန်းဒီဇိုင်း၊ လုပ်ငန်းသုံးပစ္စည်း၊ လုပ်အားခ၊ သယ်ယူစရိတ်နှင့် အမြတ်ငွေအပါအဝင် စာချုပ်တစ်ခုလုံး၏ တန်ဖိုးအဖြစ် (..........................)ကျပ်၊ (စာဖြင့်.......................... ...............တိတိ/-) ကို ပေးချေရန်သဘောတူသည်။

( ခ ) ကန်ထရိုက်တာသည် ဖော်ပြပါ စီမံကိန်းလုပ်ငန်းအား ပြီးစီးသည်အထိ ဆောက်လုပ်ရန်နှင့် ပြီးစီးသည့်နေ့မှ (၆) လအတွင်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် တာဝန်ယူရန် သဘောတူသည်။

၃။ ကန်ထရိုက်တာသည် လုပ်ငန်းများကို ........./......../......ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ........./........./.........ရက်နေ့ထက် နောက်မကျစေဘဲပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကြိုတင်မမှန်းဆနိုင်သော အကြောင်းတစ်စုံတစ်ရာကြောင့် နောက်ကျ နှောင့်နှေးနေပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ ချက်ချင်း သတင်းပို့ရမည်။ လုပ်ငန်းပြီးဆုံးသည့်နေ့မှစ၍ (၆) လအတွင်း ပြင်ဆင်ထိန်းသိမ်းမှုကို ကန်ထရိုက်တာမှ တာဝန်ယူရမည်။

၄။ လုပ်ငန်းပြီးစီးသည့်နေ့မှ (၆) လအတွင်း သာမန်ပျက်စီးခြင်းများအတွက် ပြင်ဆင်ထိန်းသိမ်းရန် ကန်ထရိုက်တာမှ လုံးဝ တာဝန်ယူရမည်။

၅။ ကန်ထရိုက်တာသည် ငွေတောင်းခံရန် ဝယ်ယူရေးဆပ်ကော်မတီဥက္ကဋ္ဌ(သို့) ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ စာဖြင့် ရေးသား၍ တောင်းခံရမည်။ လုပ်ငန်း

အပ်နှံသူသည် ကျေးလက်ဦးစီးဌာန၊ အင်ဂျင်နီယာ၏ အကူအညီဖြင့် လုပ်ငန်းပြီးစီးမှုအား သွားရောက်စစ်ဆေးမည်။ လုပ်ငန်းစစ်ဆေးခြင်း အစီရင်ခံစာတွင် ကန်ထရိုက်တာမှ တောင်းခံသည့် ငွေပမာဏသည် ပေးချေရန် သင့်လျော်ကြောင်း တွေ့ရှိပါက တစ်လအတွင်း ပေးချေသင့်သည်။

၆။ လုပ်ငန်းအပ်နှံသူများအနေဖြင့် ကန်ထရိုက်တာအား ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ ငွေသားဖြင့် ဖြစ်စေပေးချေနိုင်ပြီး၊ ငွေပေးငွေယူပုံစံတွင် နှစ်ဖက်လက်မှတ်ထိုး၍ ဘဏ္ဍာရေးဆပ်ကော်မတီမှ မှတ်တမ်းတင်ထိန်းသိမ်းနိုင်ရန်နှင့် စာရင်းစစ်ခံနိုင်ရန် စနစ်တကျ လွှဲပြောင်းပေးရမည်။

၇။ ကျသင့်ငွေများကို မြန်မာကျပ်ငွေဖြင့်သာ ပေးချေရမည်ဖြစ်ပြီး၊ လုပ်ငန်းတစ်ခုလုံးအတွက် အရစ်ကျငွေပေးချေမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် –

**အရစ်ကျငွေပေးချေမည့်အစီအစဉ်**

| အကြိမ်အရေအတွက် | ငွေပမာဏ | ပေးချေမည့်နေရာ | လုပ်ငန်းပြီးစီးမှု % |
|---|---|---|---|
| ပထမ | (၁၀%) | လုပ်ငန်းစတင်သည့်နေ့ | ကြိုတင်ငွေ၁၀% |
| ဒုတိယ | (၅၀%) | | |
| တတိယ | (၄၀%) | | |
| စုစုပေါင်း | (၁၀၀%) | | |

**အခြားသဘောတူညီချက်များ**

………………………………………………………………………………………………

………………………………………………………………………………………………

………………………………………………………………………………………………

………………………………………………………………………………………………

အထက်၌ဖော်ပြထားသော ဤစာချုပ်ပါအချက်အလက်များကို သဘောတူညီကြောင်း နှစ်ဘက် တာဝန်ရှိသူများအနေဖြင့် လက်မှတ်ရေးထိုး အတည်ပြုပါသည်–

| | |
|---|---|
| လက်မှတ်၊ | လက်မှတ်၊ |
| အမည်၊…………………………… | အမည်၊…………………………… |
| (အသိသက်သေ) | |
| ရက်စွဲ၊ …………………………… | ရက်စွဲ၊…………………………… |
| လိပ်စာ/ဖုန်း၊……………………… | လိပ်စာ/ဖုန်း၊……………………… |
| လက်မှတ်၊ | လက်မှတ်၊ |
| အမည်၊…………………………… | အမည်၊…………………………… |

(ကန့်ထရိုက်တာ)
လိပ်စာ/ဖုန်း၊………………………..
.....................................................
ရက်စွဲ၊………………………………
လက်မှတ်၊
အမည်၊……………………………..
ရက်စွဲ၊ ……………………………

(အသိသက်သေ)
လိပ်စာ/ဖုန်း၊……………………….
.....................................................
ရက်စွဲ၊..........................................

**ပုံစံ (၁၀)**

## လုပ်အားခမှတ်တမ်း

**စီမံကိန်းလုပ်ငန်းအမည် -**

| စဉ် | လုပ်သားအမည် | ရက်စွဲ | ပမာဏ(ကျပ်) | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**ပြုစုသူ**

လက်မှတ် ........................................

အမည်

**အတည်ပြုသူ**

လက်မှတ် ..........................................

အမည်

**ပုံစံ (၁၁)**

**လုပ်ငန်းတိုးတက်မှုလစဉ်အစီရင်ခံစာ**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊...............ကျေးရွာ၊ ...............မြို့နယ်၊**

**................................ တိုင်းဒေသကြီး/ ပြည်နယ်**

၁။ အစီရင်ခံသည့်ကာလ– **...............** လ

၂။ အစီရင်ခံသည့်လအတွင်းဆောင်ရွက်ပြီးစီးမှုများ

| **ဆောင်ရွက်ခဲ့သည့်လုပ်ငန်း** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| **စီမံချက်အကြောင်းအရာအသေးစိတ်ရေးဆွဲခြင်း** | |
| • အစည်းအဝေး<br>• အခြား | |
| **စီမံကိန်းအကောင်ထည်ဖော်ရန်ကျေးလက်ဦးစီးဌာန၏အတည်ပြုချက်ရရှိပြီးခြင်း** | |
| • စီမံကိန်းအကြောင်းအရာတင်ပြပြီးသည့်နေ့<br>• စီမံကိန်းအကြောင်းအရာများအတွက်လိုအပ်သောပြန်လည်ပြင်ဆင်မှုများ<br>• စီမံကိန်းအတည်ပြုချက်ရရှိသည့်နေ့ | |
| **ကော်မတီဘဏ်စာရင်းသို့ရန်ပုံငွေလွှဲပြောင်းပြီးစီးခြင်း** | |
| • ကျေးလက်ဦးစီးဌာနသို့ရန်ပုံငွေတောင်းခံလွှာတင်သည့်နေ့<br>• ကော်မတီဘဏ်စာရင်းသို့ရန်ပုံငွေလက်ခံရရှိသည့်နေ့ | |
| **လုပ်ငန်းအကောင်ထည်ဖော်မှု (၁၀၀ ) ရာခိုင်နှုန်းပြီးစီးခြင်း** | |
| | |

**ပြုစုသူ**

| **စဉ်** | **အမည်** | **တာဝန်** | **လက်မှတ်** |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |

## ၃။ ငွေကြေးသုံးစွဲမှုအခြေအနေ (………….လ…………… ခုနှစ်အတွက်)

- နိုင်ငံတော်ထည့်ဝင်ငွေ–
- ကျေးရွာထည့်ဝင်ငွေ (ငွေသား) –
- စုစုပေါင်းရန်ပုံငွေ (ငွေသား) –

| **အကြောင်းအရာ** | **ရငွေ(ကျပ်)** | **အကြောင်းအရာ** | **ပေးငွေ(ကျပ်)** |
|---|---|---|---|
| ၁။ ယခင်လ စာရင်းဖွင့်လက်ကျန် (ကော်မတီ လက်ဝယ်) | | ၁။ | |
| ၂။ | | ၂။ | |
| ၃။ | | ၃။ | |
| ၄။ | | ၄။ | |
| ၅။ | | ၅။ | |
| ၆။ | | ၆။ | |
| | | စာရင်းပိတ်လက်ကျန် (ကော်မတီလက်ဝယ်) | |
| | | စာရင်းပိတ်လက်ကျန် (ဘဏ်) | |
| **ပေါင်း** | | **ပေါင်း** | |

## ၄။ အခက်အခဲများနှင့်ထူးခြားဖြစ်စဉ်များ

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

## ၅။ လာမည့်လတွင်ဆောင်ရွက်မည့်လုပ်ငန်းများ

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

**ပြုစုတင်ပြသူ**

| **စဉ်** | **အမည်** | **တာဝန်** | **လက်မှတ်** |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |

**ပုံစံ (၁၂)**

## စီမံကိန်းလုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာ

| စီမံကိန်းလုပ်ငန်းအမည် – | |
|---|---|
| ကျေးရွာ | ကျေးရွာအုပ်စု |
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် |
| စစ်ဆေးသူအမည် | ဌာန |
| ရာထူး | စစ်ဆေးသည့်ရက် |
| စစ်ဆေးတင်ပြသူလက်မှတ် | |

**စီမံကိန်းအကြောင်းအရာများ**

| အကြောင်းအရာ | လျာထား | နောက်ဆုံးအမှန် | ပြီးစီးမှု/ရှင်းလင်းချက် |
|---|---|---|---|
| အရွယ်အစား/ပမာဏ | | | |
| အကျိုးခံစားသူဦးရေ | | | |
| ရန်ပုံငွေ(မြန်မာကျပ်)<br>နိုင်ငံတော်<br>ကျေးရွာ | | | |
| အခြား | | | |

**အခြားစစ်ဆေးတွေ့ရှိချက်များ**

.....................................................................................................

.....................................................................................................

.....................................................................................................

**ပြုစုတင်ပြသူ**

**စဉ် အမည် တာဝန် လက်မှတ်**

၁။

၂။

၃။

**ပုံစံ (၁၃)**

## အစည်းအဝေးတက်ရောက်မှုမှတ်တမ်း

ကျေးရွာ ---------------------------------

မြို့နယ် ---------------------------------

နေ့စွဲ ---------------------------------

အစည်းအဝေးအကြောင်းအရာ/ခေါင်းစဉ်

| စဉ် | အမည် | ကျား | မ | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်**

| |
|---|
| |

မှတ်တမ်းတင်သူ

အမည် ---------------------------------------------

လက်မှတ် ---------------------------------------------

**ပုံစံ (၁၄)**

## ငွေစာရင်းရှင်းတမ်းပေါင်းချုပ်

(စီမံကိန်းလုပ်ငန်းပြီးဆုံးချိန်တွင် ရှင်းတမ်းထုတ်ပြန်ပေးရန်)

| စဉ် | အကြောင်းအရာ | ရငွေ(ကျပ်) | ပေးငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | ပေါင်း | | | |

| | | |
|---|---|---|
| ပြုစုတင်ပြသူ | စစ်ဆေးသူ | အတည်ပြုသူ |
| လက်မှတ် | လက်မှတ် | လက်မှတ် |
| အမည် | အမည် | အမည် |
| ရာထူး | ရာထူး | ရာထူး |

**အကိုးအကားများ**

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊

၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေ၊

၃။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲစာစောင်။